# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၀၈)၊ ၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း ၉ ရက် ၊ ၃-၇-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွားပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးသွားမည်

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေး အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ⃝

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၃ ရက်၊ ကြာသပတေးနေ့။

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပါ၏

၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်နေ့သည်မြန်မာနိုင်ငံဒေသ အသီးသီးမှာနေထိုင်ကြသော မြန်မာအမျိုးသမီးများအားလုံး အတွက် ထူးခြားလေးနက်သည့်နေ့တစ်နေ့ဖြစ်သည်။ မြန်မာနိုင်ငံ လုံးဆိုင်ရာအမျိုးသမီးကော်မတီဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်နေ့ ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်ကသတ်မှတ်ပြဋ္ဌာန်း ခဲ့ပြီး ၁၉၉၈ ခုနှစ်ကစပြီး မြန်မာအမျိုးသမီးများ၏ထူးချွန်ထက် မြက်သည့် စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ်ဂုဏ်ဒြပ် များကို ဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်း အမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့သည်။

မြန်မာအမျိုးသမီးများက လောကကို တစ်ဖက်တစ်လမ်းမှ တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏ အနာဂတ်ကို လှပ အောင်ဖန်တီးသူ ဥယျာဉ်မှူးများဖြစ်ကြသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြသော ဗိသုကာပညာရှင်များ ဖြစ်ကြသည်။ မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ကိုယ်ပိုင် ယဉ်ကျေးမှုရှိကြသူများဖြစ်သည်။ သူတစ်ပါးကို ရိုင်းပင်းကူညီ တတ်သော၊ သူတစ်ပါးအပေါ် သနားကြင်နာတတ်သော စိတ် နှလုံးသားဖြူစင်သည့် လူမျိုးဖြစ်ကြသည်။ မြန်မာ့ဓလေ့ထုံးတမ်း စဉ်လာများနှင့်အညီ ကျင့်ကြံနေထိုင်တတ်ကြသူများလည်း ဖြစ်သည်။

ထိုကဲ့သို့ ယဉ်ကျေးသိမ်မွေ့သော မြန်မာ့လူ့ဘောင်အဖွဲ့ အစည်းတွင် ခေတ်အဆက်ဆက်၌ မြန်မာအမျိုးသမီးတို့သည် စွမ်းဆောင်ရည် အသီးသီးပြသနိုင်ခဲ့သည်။ အေးဆေးတည်ငြိမ်မှု ရှိခြင်း၊ ဣန္ဒြေသိက္ခာရှိခြင်းသည် မြန်မာအမျိုးသမီးတို့၏ ကိုယ်ပိုင်ဟန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာပါက အမျိုးသားများနှင့်တန်းတူ ခေတ်အဆက် ဆက် စွန့်စားခဲ့ကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ပုဂံ ခေတ် မိဖုရားဖွားစော၊ သံဗျင်မင်းသမီးမှ အစပြုကာ ကုန်း ဘောင်ခေတ် နန်းမတော်မယ်နု စသည်အထိ မြန်မာ့ဂုဏ်ဆောင် အမျိုးသမီးများအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။ တစ်ဖန် ပုဂံ ခေတ်တွင် နရသီဟပတေ့မင်း၏ မိဖုရား သီဃံသူ့သမီးနှင့် နရသီဃံဥစ္စနာမင်း၏ မိဖုရားဖွားစောတို့သည် မှူးကြီးမတ်ရာ၊ သူဌေးသူကြွယ်အမျိုးသားတို့နှင့်တန်းတူ ဘုရားတည်၊ ကျောင်း ဆောက်ကာ အလှူကြီးများပြုလုပ်လျက်နိုင်ငံ့ဂုဏ်ကို တစ်ဖက် တစ်လမ်းမှ မြှင့်တင်ပေးခဲ့ကြသည်။

ထို့ပြင်မိဖုရားမဟုတ်သော အရပ်သူမင်းမှုထမ်းများဖြစ် သည့် နန်းတွင်းမိဖြူ၊ နန်းတွင်းမိညို၊ တောင်တွင်းရှင်ငြိမ်းမယ်၊ မယ်ခွေ၊ မင်းကြီးကတော် ခင်ဆုံစသည်တို့မှာလည်း မြန်မာ စာပေယဉ်ကျေးမှုကို ပိုမိုတောက်ပလာစေရန် ဖန်တီးကြံဆောင်ခဲ့ ကြသူများဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်မှုလုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာအနေ ဖြင့် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ပြည်နယ် နှင့်တိုင်းဒေသကြီးမှသည် ခရိုင်၊ မြို့နယ်အဆင့်အထိ အမျိုးသမီး ရေးရာလုပ်ငန်းကော်မတီများဖွဲ့စည်းပြီး လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မြန်မာအမျိုးသမီး များ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ အမျိုးသမီးတို့၏ ဘဝ သာယာဝပြောရေး၊ ကဏ္ဍအသီးသီး၌ အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အမျိုးသမီးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာအမျိုးသမီးများအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတော်၏အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြမည်ကို ယုံကြည်ပါကြောင်း ရေးသားလိုက်ရ ပေသည်။

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာ နိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်း ရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများ ကို အထူးသက်သာသောဈေးနှုန်း ဖြင့် ယနေ့နံနက်ပိုင်းက မဟာ အောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်း ကြီးကျောင်းဝင်းအတွင်းတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်း နှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ငွေတော်ကျီကုန်းရပ်ကွက်တွင် လည်းကောင်း၊ ဇူလိုင် ၄ ရက် တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေ လုံရပ်ကွက် ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက် ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈ လမ်းကြား၊ MIIT ကျောင်းရှေ့ တို့တွင် လည်းကောင်း၊ ဇူလိုင် ၅ ရက်တွင် မဟာအောင်မြေ မြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ၆၈လမ်းနှင့် ၄၁လမ်းထောင့်၊ ဓမ္မာရုံရှေ့၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွဓမ္မာရုံ၊ စစ်ကိုင်း- မန္တလေးလမ်း အရှေ့ဘက်တို့ တွင်လည်းကောင်း ရောင်းချ ပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေ မှုအစီအစဉ်ကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ စီးပွားရေး ရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန် ရှိသူများ၊ မန္တလေးမြို့တော်စည် ပင်သာယာရေးကော်မတီ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင် နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင် ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေး (Talk Show) ဆွေးနွေး

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာ စည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သည် ဇူလိုင် ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီး များနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် အသိပညာပေး ဆွေးနွေး ပွဲ (Talk Show)ကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)တွင် ပြုလုပ်ခဲ့ သည်။

ဆွေးနွေးပွဲ (Talk Show) တွင် မြို့နယ် ပြန်/ဆက် ဦးစီး အရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဒုတိယ ဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်တို့ က မြန်မာအမျိုးသမီးများ၏ ဗီဇ အရည်အသွေးများနှင့် စွမ်းဆောင် ရည်များ၊ မြန်မာအမျိုးသမီး စွမ်း ဆောင်ရှင်များအကြောင်းနှင့် ဆောင်ရွက်မှုများအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့(ချမ်း/စည်)**

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီး၊ ဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဇူလိုင် ၂**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ ဝန်ထမ်း များအား ယခုဘဏ္ဍာရေးနှစ် အတွင်း (၈)ကြိမ်မြောက် ဟင်း သီး၊ ဟင်းရွက်များ ထောက်ပံ့ ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာ ရေးကော်မတီရုံး ၆ ထပ်ဆောင် အောက် မြေညီထပ်တွင် ပြုလုပ် ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ စိုက်ပျိုး ရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံ မှ ထုတ်ကုန်များဖြစ်သော ဟင်း သီး၊ ဟင်းရွက်များကို ကော်မတီ ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိ ရေးအတွက် ထောက်ပံ့ပေးခြင်း ဖြစ်ပြီး ရာသီအလိုက် သီးနှံများ ကိုစိုက်ပျိုး၍ ခူးဆွတ်ပေးဝေ လျက်ရှိရာ ဆက်လက်ဖြန့်ဝေ နိုင်ရန် သီးနှံများ ပျိုးထောင်ထား ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူ ရေးဌာန တာဝန်ရှိသူထံမှ သိရ သည်။

(၈)ကြိမ်မြောက် ဟင်းသီး၊ ဟင်းရွက်များကို ထောက်ပံ့ပေး အပ်ရာ ကန်စွန်းရွက် ၁၃၀ စည်း၊ ခရမ်းသီး ၁၃၀ ထုပ်၊ ငရုတ်သီး ၇၅ ထုပ်၊ ဖရုံညွန့် ၂၆၅ စည်း၊ ငှက်ပျောသီး ၄၄ ဖီး တို့ကို ကော်မတီရုံးရှိ ဝန်ထမ်း ၅၂ ဦး၊ ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်း ၆၉ ဦး၊ သန့်ရှင်းရေးဌာန(ရုံးပေါ်) ၃၇ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦး၊ စိုက်ပျိုးရေး နှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီး၊ ဟင်း ရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးကျော် ဇာနည်လွင်နှင့် တာဝန်ရှိသူများ က အချိုးကျ ခွဲဝေထောက်ပံ့ ပေးအပ်ကြရာ တာဝန်ရှိသူများ က လက်ခံရယူခဲ့ကြကြောင်း သိရ သည်။



**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❍ ရှေ့ဖုံးမှ

## စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှု လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမည်

### ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ (အမှန်) | ၂၀၂၁-၂၀၂၂ (၆)လ (အမှန်) | ၂၀၂၂-၂၀၂၃ (အမှန်) | ၂၀၂၃-၂၀၂၄ (ရွှေ့ပြေးအမှန်) | ၂၀၂၄-၂၀၂၅ (ယာယီအမှန်) | ၂၀၂၅-၂၀၂၆ (မူလခန့်မှန်းခြေ) |
|---|---|---|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၁၇,၅၈၅.၅၅၀ | ၁၂,၆၀၁.၅၇၀ | ၂၆,၇၂၅.၄၆၄ | ၂၇,၈၉၂.၉၈၅ | ၃၄,၅၅၃.၅၀၉ | ၃၈,၂၄၂.၃၁၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၂၅,၇၆၁.၀၄၄ | ၁၄,၂၀၉.၂၆၆ | ၃၀,၁၆၂.၆၄၄ | ၃၁,၈၃၀.၁၅၈ | ၃၈,၈၆၂.၃၄၇ | ၄၆,၅၉၅.၂၃၁ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၈,၁၇၅.၄၉၄ | -၁,၆၀၇.၆၉၆ | -၃,၄၃၇.၁၈၀ | -၃,၉၃၇.၁၇၃ | -၄,၃၀၈.၈၃၈ | -၈,၃၅၂.၉၂၀ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၀၈,၂၀၅.၇၂၄ | ၇၅,၀၄၄.၆၆၃ | ၁၂၅,၃၃၈.၉၅၁ | ၁၄၀,၁၉၁.၀၀၀ | ၁၆၀,၆၅၄.၈၂၇ | ၁၇၁,၄၉၈.၁၂၅ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၇.၅၆% | ၂.၁၄% | ၂.၇၄% | ၂.၈၁% | ၂.၆၈% | ၄.၈၇% |

၄

- ❖ မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်၊ အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းမှာ သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြစ်ရန်လို
- ❖ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားလျက်ရှိ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ ကုန်ထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်သွားကြရန်လို
- ❖ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရ၊ ဆီဖူလုံရေးအမြဲ တွန်းအားပေးဆောင်ရွက်သွားရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အခြေခံစားကုန်ဖြစ်သည့် ဆန်၊ ဆီနှင့် အသားငါးများကို အထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ကုန်များ၏ ဈေးနှုန်းမှာ သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အမြဲမပြတ် တိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ကုန်ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ် စသည့် သီးနှံများကို စိုက်ပျိုးလျက်ရှိသော်လည်း ပြည်တွင်းဆီဖူလုံမှုမှာ လိုအပ်ချက်များရှိနေခြင်းကြောင့် စားသုံးဆီများကို ပြည်ပမှတင်သွင်းနေရကြောင်း၊ ဆီဖူလုံရေးအမြဲ တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

နိုင်ငံတစ်ခု၏ စီးပွားရေးကို GDP ဖြင့်တိုင်းတာကြကြောင်း၊ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် မိမိတို့နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၄ ဘီလီယံရှိကြောင်း၊ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆ ဘီလီယံအထိ မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ၅ ဒသမ ၂ ဘီလီယံခန့်တိုးတက်အောင် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့မိမိတို့အနေဖြင့် မျှော်မှန်းဆောင်ရွက်နေချိန်တွင် ကမ္ဘာ့ဘဏ်မှမိမိတို့နိုင်ငံ၏ စီးပွားရေးကို ယခင်က ၂ ဒသမ ၅ အထိမျှော်မှန်းထားသော်လည်း လက်ရှိအချိန်တွင် အနုတ် ၂ ဒသမ ၅ အထိကျဆင်းနိုင်သည်ဟု ခန့်မှန်းထားသည်ကိုတွေ့ရှိရကြောင်း၊ ၎င်းတို့ တွက်ချက်သည့်စာရင်းများတွင် အချက်အလက်များ မှန်ကန်မှုမရှိခြင်းနှင့် ပြည့်စုံမှုမရှိခြင်းများရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအတွက် အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း၊ မည်သို့ပင် နိုင်ငံ၏ GDP ကျဆင်းမည်ဟု ၎င်းတို့အနေဖြင့် မျှော်မှန်းထားသော်လည်း နိုင်ငံအတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်ပါက နိုင်ငံ၏ GDP မှာတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက GDP နည်းပါးလျက်ရှိသဖြင့် GDP တိုးတက်စေရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိအနေဖြင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဘယ်လာရုစ်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025) သို့ တက်ရောက်ခဲ့ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် Agro base industries ကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ GDP မှာ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၁ ဘီလီယံရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှရရှိမှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံမှ ၈ ဒသမ ၂ ဘီလီယံရှိကြောင်း၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးပို့ကုန်များမှ ရရှိမှုမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံခန့်သာ ရှိကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ထက်ဝက်ခန့်သာ ရှိပြီး ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖိုရမ်တက်ရောက်ရန်အဓိကဖြစ်သော်လည်း နိုင်ငံအတွက်အချိန်ပေး၍ ၎င်းကဏ္ဍများကိုလေ့လာခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် နှိုင်းယှဉ်ပါက မိမိတို့နိုင်ငံထက် ဧရိယာအကျယ်အဝန်းအရ သေးငယ်ခြင်း၊ လူနေထိုင်မှုအရနည်းပါးခြင်းရှိသော်လည်း GDP မှာပိုမိုမြင့်မားသည်ကို တွေ့ရကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်၍ ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်မှု ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ကမ္ဘာပေါ်၌ အဆင့်မီလယ်ထွန်စက်ပစ္စည်းများ ထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သည်ဟု သိရှိခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးနှင့် ပတ်သက်၍လည်း နို့စားနွားများမွေးမြူ၍ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ပြည်ပသို့တင်ပို့သည်ကို လေ့လာသိရှိခဲ့ရကြောင်း။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Republic of Buryatia သို့ ရောက်ရှိချိန်တွင်လည်း ၎င်းတို့အနေဖြင့် ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ခေတ်မီနည်းစနစ်များကိုအသုံးပြု၍ မျိုးကောင်းမျိုးသန့်များဖြင့်မွေးမြူပြီး ထွက်ရှိလာသည့် အသားများကို ပြည်ပသို့တင်ပို့လျက်ရှိသည်ကို သိရှိခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ ၎င်းနိုင်ငံများ၏ ကုန်ထုတ်လုပ်မှုနည်းလမ်းများကိုအတုယူ၍ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချပြီး စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက ၎င်းတို့ကဲ့သို့ အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံးဆန်ဖူလုံမှုအနေဖြင့် ၁၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ဆန်ဖူလုံမှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များလည်းရှိသည်ကို တွေ့ရှိရပြီး ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆန်ဖူလုံမှုများရှိလာမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဆန်ဖူလုံမှုမရှိသည်ကို တွေ့ရကြောင်း၊ အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်ဖူလုံမှုတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့်ဆန်များကို ပြည်ပနိုင်ငံများသို့ အရည်သွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စပါးစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစေ့ချစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းများဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး လုပ်ငန်းများပိုမိုတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ စပါးစိုက်ပျိုးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပင်ကြားတန်းကြားများမှန်ကန်ရန်နှင့် ကောက်ကွက်များ ပြည့်မီမှသာ စပါးပင်များ ရှင်သန်ဖြစ်ထွန်း၍ အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ အပင်ရှိမှသာ အနှံ၊ အစေ့နှင့် အသီးများရှိလာမည်ဖြစ်သဖြင့် အပင်များ စနစ်တကျရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လိုကြောင်း။

သီးနှံများအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်သကဲ့သို့ စိုက်ဧကများကို တိုးချဲ့ဆောင်ရွက်ပြီး သီးထပ်များစိုက်ပျိုးသွားရန်လည်းလိုကြောင်း၊ ၂၀၂၂ - ၂၀၂၃ ခုနှစ်အတွင်း မိုးစပါးစိုက်ပျိုးမှုစုစုပေါင်းမှာ ဧက ၁၇ သန်းရှိကြောင်း၊ အသားတင်စိုက်ပျိုးမှုမှာ ဧက ၁၅ သန်းရှိပြီး သီးထပ်စိုက်ပျိုးမှုမှာ ဧက ၂ ဒသမ ၂၄ သန်း၊ သီးညှပ်စိုက်ပျိုးမှုမှာ ဧက ၂၈၀၀၀ ရှိကြောင်း၊ တစ်နှစ်လုံးတွင် စပါးတစ်သီးတည်းသာ စိုက်ပျိုးသည့် လယ်ယာမြေမှာ ဧက ၇ ဒသမ ၃၃ သန်း ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးမြေများပေါ်၌ စပါး (သို့မဟုတ်) အခြားသီးနှံများကို သီးထပ်စိုက်ပျိုးသွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်နှစ်တွင် တစ်သီးသာစိုက်ပျိုးသည့် စိုက်ပျိုးမြေမှာ ဧက သန်း ၂၀ ခန့်ရှိကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များက အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး အပင်အရေအတွက်ပြည့်မီအောင်စနစ်တကျ စိုက်ပျိုးခြင်းမှစ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးသန့်အသုံးပြုခြင်း၊ မြေဩဇာထည့်ခြင်း၊ မြေပြုပြင်ခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေ၊ အောင်ရေများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ အနေဖြင့်လည်း မိမိတို့ ဆက်လက်တာဝန်ယူရမည့်ကာလအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေမှလွဲ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် နီးနွယ်သည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် အားထည့်၍ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများအောင်မြင်ရေးကို မိမိတို့အစိုးရ၏ မှတ်ကျောက်အဖြစ်ကျန်ရှိအောင် ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း။

စာမျက်နှာ ၄ သို့ ❍

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း

(ကျပ်ဘီလီယံ)

| စဉ် | အကြောင်းအရာ | မူလခန့်မှန်းခြေ | ပြုပြင်ခန့်မှန်းခြေ | ယာယီအမှန် |
|---|---|---|---|---|
| ၁ | စုစုပေါင်းရငွေ | ၃၁,၇၉၃.၃၃၂ | ၃၅,၈၆၃.၆၉၆ | ၃၄,၅၅၃.၅၀၉ |
| | (က) သာမန် | ၂၈,၈၇၆.၆၆၁ | ၃၃,၁၅၂.၉၇၉ | ၃၃,၂၉၆.၈၂၀ |
| | (ခ) ငွေလုံးငွေရင်း | ၄၆၁.၇၅၅ | ၄၈၀.၉၆၉ | ၁၉၃.၇၂၈ |
| | (ဂ) ကြွေးမြီ | ၂,၄၅၄.၉၁၆ | ၂,၂၂၉.၇၄၈ | ၁,၀၆၂.၉၆၁ |
| ၂ | စုစုပေါင်းအသုံးစရိတ် | ၃၉,၆၇၂.၆၂၀ | ၄၂,၂၄၃.၅၆၉ | ၃၈,၈၆၂.၃၄၇ |
| | (က) သာမန် | ၃၁,၄၄၃.၃၆၆ | ၃၂,၉၁၈.၆၁၄ | ၃၁,၀၆၄.၄၃၆ |
| | (ခ) ငွေလုံးငွေရင်း | ၅,၈၁၁.၂၅၈ | ၇,၃၅၂.၃၃၆ | ၆,၆၁၈.၄၈၂ |
| | (ဂ) ကြွေးမြီ | ၂,၄၁၇.၉၉၆ | ၁,၉၇၂.၆၁၉ | ၁,၁၇၉.၄၂၉ |
| ၃ | ပိုငွေ(+)/လိုငွေ(-) | -၇,၈၇၉.၂၈၈ | -၆,၃၇၉.၈၇၃ | -၄,၃၀၈.၈၃၈ |
| ၄ | ဂျီဒီပီတန်ဖိုး | ၁၅၅,၁၄၃.၁၃၄ | ၁၅၅,၁၄၃.၁၃၄ | ၁၆၀,၆၅၄.၈၂၇ |
| ၅ | လိုငွေနှင့်ဂျီဒီပီအချိုး | ၅.၀၇% | ၄.၁၀% | ၂.၆၈% |

- **ပြည်ပမှသွင်းကုန်များအစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ကာ နိုင်ငံခြားငွေ ရှာဖွေနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်**
- **MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိက အရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်**
- **သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လို၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန်လိုအပ်မည်**

○ စာမျက်နှာ ၃ မှ

### စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကို များစွာအထောက်အကူဖြစ်စေမည်

မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုအညွှန်းကိန်းသည် ပိုမိုမြင့်တက်လာသည်ဟု သုံးသပ်မှုများရှိခဲ့ပြီး ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုမရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြောင့် အလုပ်မလုပ်နိုင်၍ ဆင်းရဲမွဲတေခြင်းဟူ၍ ဖြစ်နိုင်ခြေနှစ်ရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြို့ပေါ်နေသူများဖြစ်ကြောင်း၊ ယင်းတို့အနက် ၅၀ ရာခိုင်နှုန်းကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍတို့တွင် တစ်နည်းနည်းဖြင့် လုပ်ကိုင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ အဓိကထားလုပ်ကိုင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဆင်းရဲမွဲတေမှု လျှော့ချရေးတွင် များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့်ပတ်သက်၍ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏နေရာတိုင်းတွင် ကြက်၊ ဝက်၊ ဆိတ်၊ သိုး၊ နွား၊ ငါး စသည်တို့ကို အောင်မြင်စွာမွေးမြူနိုင်သည့် အခြေအနေရှိကြောင်း၊ မိမိတို့ဒေသအလိုက် လူဦးရေအလိုက် နေ့စဉ် အသားငါး၊ ဥအမျိုးမျိုးနှင့် အသီးအနှံလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မည်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမဆို ကျေးလက်ကို ဗဟိုပြု၍ ဆောင်ရွက်ကြသည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေများပြားလာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုညွှန်းကိန်းများလည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်**

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် MSME လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်ခန့်မှစ၍ အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ လုပ်ငန်းများလည်းပတ်ကာ အောင်မြင်မှုများရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ နိုင်ငံတကာကို ကြည့်ပါကလည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှ MSME လုပ်ငန်းများကို ကြည့်မည်ဆိုပါက အများစုသည် စားကုန်၊ သောက်ကုန်ပစ္စည်းများဖြစ်သည်ကို တွေ့မြင်ရသဖြင့် အခြားဈေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စက်မှုထုတ်ကုန်များ၊ လယ်ယာလုပ်ငန်းသုံးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရာတွင် အလုပ်လုပ်ပြီး ထုတ်လုပ်ရသည့်ထုတ်ကုန်များရှိသကဲ့သို့ သဘာဝမှပေးထားသည်များနှင့် ထုတ်လုပ်၍ရသည့် ထုတ်ကုန်များလည်းရှိကြောင်း၊ ဥပမာအားဖြင့် သဘာဝအတိုင်း ပေါက်ရောက်လျက်ရှိသည့် ဝါးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ များစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိအသုံးချနိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ များစွာရရှိစေနိုင်မည်ဖြစ်သဖြင့် သတိချပ်စေလိုကြောင်း၊ စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ ဝါစိုက်ကေ ငါးသိန်းခန့်ရှိကြောင်း၊ ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဝါသီးနှံသည် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းသည့် သီးနှံတစ်ခုဖြစ်သဖြင့် အားပေးတိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝါနှင့် ဝါးကို နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကလုပ်ငန်းများအဖြစ် ထည့်သွင်းဆောင်ရွက်သင့်ကြောင်း။

ပြည်ပမှသွင်းကုန်များ အစားထိုးရန်၊ ပြည်တွင်းစီးပွားရေးကိုအားပေးရန်၊ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေရှာဖွေနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများရရှိရေးသည် အဓိကအရေးကြီးသဖြင့် ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ၊ စက်မောင်းဆီများနှင့် လျှပ်စစ်ဓာတ်အားများကိုလည်း ဖြည့်ဆည်းပေးရန်လိုကြောင်း၊ ငွေကြေးအရင်းအနှီးများလည်း ပြည့်စုံရန်လိုသကဲ့သို့ လူသားအရင်းအမြစ်ကောင်းများလည်း လုံလောက်စွာရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံအတွင်း MSME လုပ်ငန်းများကို သွားရောက်အားပေးဆောင်ရွက်ခဲ့ရာတွင် လုပ်သားရှားပါးမှုနှင့်ပတ်သက်၍ တင်ပြမှုများရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၄ ခုနှစ်တွင် မိမိတို့နိုင်ငံ၌ရှိသည့် လူဦးရေအပေါ်တွင်အခြေခံသည့်အလုပ်လုပ်နိုင်သည့် သူစာရင်းအား တောင်းခံခဲ့ကြောင်း၊ အချက်အလက်များအရ အလုပ်လုပ်နိုင်သည့်သူ (အသက် ၁၅ နှစ်အထက်မှ ၆၅ နှစ်အကြား) လူဦးရေခန့်မှန်းခြေအနေဖြင့် ၃၄ ဒသမ ၈၀၆ သန်းရှိကြောင်း၊ တစ်နည်းမဟုတ်တစ်နည်းဖြင့် အလုပ်လုပ်နေသည့်သူမှာ ၁၉ ဒသမ ၁၄၁ သန်းရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းအနေဖြင့် တစ်သန်းကျော်ရှိကြောင်း၊ တက္ကသိုလ်ပညာသင်ကြားနေသူ ၁ ဒသမ ၄ သိန်းရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပ၌ အလုပ်သမားအဖြစ် မှတ်ပုံတင်၍ အလုပ်လုပ်နေသူ ၁၇ ဒသမ ၁၃၀ သန်းရှိကြောင်း၊ လုပ်အားအင်အားများရှိနေသော်လည်း အကျိုးရှိရှိအသုံးချနိုင်ရန်လိုအပ်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အလုပ်လုပ်ကိုင်နိုင်မည့် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်နေသေးကြောင်း၊ အလုပ်လုပ်နိုင်ရေးအတွက်လည်း ဖန်တီးပေးရန်လိုပြီး နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း တင်ပြနေသည်များကို ထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည့်အရင်းအနှီးများ၊ နည်းပညာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အရေးကြီးသည်မှာ အမှန်တကယ်အလုပ်လုပ်ရန်ဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်အနေဖြင့် မိမိတို့နိုင်ငံတွင် ပဋိပက္ခများကြောင့် ကုန်ထုတ်လုပ်မှုများထိခိုက်၍ အလုပ်မလုပ်နိုင်ခြင်း၊ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ရခြင်းစသည်တို့ကြောင့် GDP လျော့နည်းနိုင်သည်ဟု သုံးသပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်သဘာဝဘေးအလွန်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၌ စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေး အတိုးနှုန်းသက်သာစွာဖြင့် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ပေးရေးသည်လည်း ပါဝင်ကြောင်း၊ မိမိတို့အနေဖြင့် ထိခိုက်ခဲ့ရသည့် နိုင်ငံ့စီးပွား ပြန်လည်ကောင်းမွန်စေရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးတွင် ဆောင်ရွက်လိုသူများကို မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေးနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း အခြေအနေများ၊ သဘာဝဘေးဒဏ်ကြောင့် အရေးပေါ်ရန်ပုံငွေ သုံးစွဲခဲ့ရမှုအခြေအနေများနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထောက်ပံ့ငွေများပေးအပ်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲထားရှိမှု၊ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ သုံးစွဲငွေနှင့် လက်ကျန်ငွေအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ခဲ့မှုနှင့် ထပ်မံထည့်ဝင်ခဲ့မှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထုတ်ပေးခဲ့မှုများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ ပို့ကုန်သွင်းကုန်ပမာဏများနှင့် ဝင်ငွေထွက်ငွေများအား လေ့လာတွေ့ရှိရမှု၊ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုနှင့် ပို့ကုန်ပမာဏများအား လေ့လာတွေ့ရှိရမှုများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍတွင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများ၊ ရေနံထွက်ပစ္စည်းများတင်သွင်းမှု လျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ အဆင့်မြင့်လောင်စာဆီများ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရန် ဆောင်ရွက်လျက်ရှိမှုနှင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်း၏ အကျိုးကျေးဇူးများ၊ ဓာတ်မြေဩဇာများ တင်သွင်းမှု လျှော့ချနိုင်ရန် စီမံဆောင်ရွက်လျက်ရှိမှု၊ စွမ်းအင်ကဏ္ဍ တိုးတက်စေရန်အတွက် အခြေခံအချက်ကြီးများကိုလည်းကောင်း၊ စာမျက်နှာ ၅ သို့ ○

❍ စာမျက်နှာ ၄ မှ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်ရေးအတွက် ကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့်သံမဏိများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ ဘိလပ်မြေထုတ်လုပ်သည့်စက်ရုံများ စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့ဆေးဝါးများ တိုးတက်ထုတ်လုပ်လျက်ရှိမှု၊ နိုင်ငံပိုင်စက်ရုံများ၏ ဘဏ္ဍာရေးနှစ်အလိုက် ကုန်ထုတ်လုပ်မှုများဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြည်တွင်းအဓိကလိုအပ်ချက်အများဆုံးရှိသည့်ဆေးများကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် MSME လုပ်ငန်းများအားပေးဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို အဓိကထား၍ ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်များကို အဓိကထား၍ ပမာဏများများဖြင့် အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ ကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိသကဲ့သို့ လက်တလောဖြေရှင်းရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်သွားရန်လိုကြောင်း၊ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်တွင်းဂျုံဖူလုံမှု ရှိအောင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြောင်းစိုက်ပျိုးထုတ်လုပ်မှုသည်လည်း နိုင်ငံအတွက် လိုအပ်ချက်တစ်ခုဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ပြောင်းကုန်ကြမ်းများထုတ်လုပ်၍ ပြည်တွင်း၌ ပြောင်းထွက်ကုန် ကုန်ချောများကို ထုတ်လုပ်တင်ပို့နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ဆီဖူလုံမှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် မြန်မာဒူးရင်းနှင့် စိန်တလုံးသရက်ကဲ့သို့သော သီးနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ဇုန်များအလိုက်ခွဲ၍ စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက သီးနှံများကို တစ်နေရာတည်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မီးဖိုချောင်သုံးသီးနှံများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် အခြားသီးနှံများကိုလည်း တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဆိုပါက တောင်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်သည့် သီးနှံများထုတ်လုပ်ရေးတွင် တိုးတက်မှုများကို ဖြစ်ပေါ်စေမည်ဖြစ်ပြီး နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသကြက်မွေးမြူခြင်းလုပ်ငန်းသည်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိပြီးဖြစ်သကဲ့သို့ လိုအပ်သည့် တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်ကြောင်း၊ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား၊ ငါး၊ ပုစွန် စသည့် မွေးမြူရေးနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လိုသကဲ့သို့ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူများကိုလည်း အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင်ဆောင်ရွက်၍ ပြည်တွင်းဖူလုံမှုရှိပြီး ပြည်ပပို့ကုန်များ ပိုမိုရရှိအောင် ဆောင်ရွက်သွားကြမည်ဆိုပါက နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုများပြုလုပ်ခြင်း၊ ဒေသအလိုက်တရားမဝင်သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း ဖြင့်မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

> ☆ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းများ ကျဆင်းရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်၊ ရေရှည်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များရှိသကဲ့သို့ လက်တလောဖြေရှင်းရန်လိုအပ်သည့် ကိစ္စရပ်များကိုလည်း ဖြေရှင်းဆောင်ရွက်
>
> ☆ အချိန်တိုကာလအတွင်း နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်သွားရမည်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လို၊ လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၆ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆ : ၃၀ နာရီအချိန်ကို အခြေခံ တွက်ထုတ်ထားသည့် ၃-၇-၂၀၂၅ ရက်နေ့မှ ၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေး ဆောင်ရွက်စဉ် စက်ချို့ယွင်းမှု(သို့မဟုတ်) ရုတ်တရက်ရာသီဥတုဆိုးရွားမှုကြောင့် ဆက်သွယ်မှုပြတ်တောက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ ညပိုင်း၌ ညအချိန်ခရီးဝေး လေ့ကျင့်ပျံသန်းဆောင်ရွက်စဉ် နေပြည်တော်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၃၀ အကွာ၌ ရုတ်တရက် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်၍ ဆက်သွယ်မှုပြတ်တောက်လျက်ရှိသည်။

တာဝန်ရှိသူများ၏ ပဏာမစစ်ဆေးချက်အရ စက်ချို့ယွင်းမှု(သို့မဟုတ်) ရုတ်တရက်ရာသီဥတုဆိုးရွားမှုများကြောင့် ဖြစ်နိုင်ကြောင်း သိရှိရပြီး ဆက်သွယ်မှု ပြတ်တောက်ရာနေရာတစ်ဝိုက်သို့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်နိုင်ရေး ရာသီဥတု ဆိုးရွားလျက်ရှိသော်လည်း သက်ဆိုင်ရာမှ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၂၄ မှ

FIFA-MFF U15 Youth League 2024/2025 ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင်လ ၇ ရက်နေ့ နံနက် ၉ နာရီနှင့် ညနေ ၃ နာရီတွင်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်နေ့ နံနက် ၉ နာရီတွင် တတိယနေရာလုပွဲနှင့် ညနေ ၃ နာရီတွင် နောက်ဆုံးဗိုလ်လုပွဲ Grand Final နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုလည်းကောင်း ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ပွဲစဉ်များအား Reader Channel နှင့် Pyone Play Sports YouTube တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပါသည်။

(NGB)

0-0-0-0-0

# သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၉၄ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သာသနာတော်သုံးရပ် တိုးတက်စည်ပင်ထွန်းကား ပြန့်ပွားစေရန်အလို့ငှာ သာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် စွမ်းစွမ်းတမံ ထောက်ပံ့လှူဒါန်းခဲ့သော အောက်ဖော်ပြပါအမျိုးသမီးများအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်စုညွန့်ဦး | ဥတ္တရသီရိမြို့နယ် | နေပြည်တော် |
| ၂။ | ဒေါ်ခင်ဝင်းရီ | ဇမ္ဗူသီရိမြို့နယ် | နေပြည်တော် |
| ၃။ | ဒေါ်သီတာလွင် | ဇေယျာသီရိမြို့နယ် | နေပြည်တော် |
| ၄။ | ဒေါ်ခင်လေးမြင့် | သင်္ဃန်းကျွန်းမြို့နယ် | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဒေါ်ခင်ခင်မင်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၆။ | ဒေါက်တာနန္ဒာမွန်း | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |
| ၇။ | ဒေါ်ကြူကြူစိုး | ပုဗ္ဗသီရိမြို့နယ် | နေပြည်တော် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၉၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အမျိုးသမီးများအား အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | စောမြရာဇာလင်း | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ |
| ၂။ | နော်ကပေါ်ထူး | ဒုတိယဥက္ကဋ္ဌ | ကရင်အမျိုးသားအစည်းအရုံး၊ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) |
| ၃။ | ဒေါက်တာဒေါ်ပို | ပါမောက္ခ/ ဌာနမှူး(ငြိမ်း) | ပညာရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒေါ်တင်တင်ရီ | မြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်နီလာဝင်း | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စုလတ်ဖြူ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ငြိမ်းငြိမ်းအိ | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၅။ | ဒေါ်ခင်မိုးသန်း | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၆။ | ဒေါ်သန်းညွန့် | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်သန်းသန်းနွဲ့ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၈။ | ဒေါ်နန်းလှဝင်း | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်ရီရီထွေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၀။ | ဒေါ်ဇင်ဝေလွင် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁။ | မ-၆၅၃၆ | တပ်ကြပ်ကြီး/ သားဖွားဟန်နီပြည့်ပြည့်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဒေါ်သက်ဟေမာမြတ် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သင်းသင်းအေး | အငယ်တန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ | လ၂၇၀၁၅၅ | ရဲဒုတိယတပ်ကြပ်လက်ချ်မီး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | အ-၁၂၆၉၀၅ | အကူသူနာပြု ဒေါ်သီရိဌေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | အ-၁၄၁၈၄၀ | တပ်သား/ရိပ်သာ (အစားခန့်) ဒေါ်သူဇာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်တင်ဇာမိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဒေါ်နှင်းနှင်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ဝင့်ဝါစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်ငြိမ်းငြိမ်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်ဇင်မွန်ကျော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဒေါ်စိမ်းဝင့်ဝါမင်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်မြယွန်းမှီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်မြတ်နိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်ထူးမွန်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဒေါ်စန်းစန်းဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်မေသူဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဒေါ်နန်းကေသီအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်ညိုထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ကိုင်ထန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်သန္တာလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်အေးအေးသူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်မြင့်မြင့်ဌေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ခေါင်နန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်သန္တာချို | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | ဒေါ်သင်းသီတာစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်ဌေးဌေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | ဒေါ်ထားထားနွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်ဝိုင်းစိန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်မနန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်အိဖြိုးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်စွဲစလီညာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မိုးမိုးဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်မိုးမိုးအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါ်ခင်စန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ချစ်စုလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်မေဇင်ရှိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အိအိသိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါ်ချစ်စုဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဒေါ်ဇာခြည်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဒေါ်စိန်ကြည်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်ပန်းအိဖြူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဒေါ်တင်တင်ထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ထွန်းနန္ဒာလှိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်ခင်စန်းဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၆။ | ဒေါ်နိုင်သဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၇။ | ဒေါ်လှလှထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၈။ | ဒေါ်ချယ်ရီမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်အိဇင်ဖြိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်သိင်္ဂီထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်ဘင်သရာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်ညိုဝင်း | | တနင်္သာရီတိုင်းဒေသကြီး |
| ၆၃။ | ဒေါ်သီတာယုမွန် | | မန္တလေးတိုင်းဒေသကြီး |
| ၆၄။ | ဒေါ်နှင်းသီတာ | | ရန်ကုန်တိုင်းဒေသကြီး |
| ၆၅။ | ဒေါ်လီလီနိုင်စိုး(ခ) လီလီနိုင်ကျော် | | အနုပညာရှင် |

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်

### ရဲကျော်စွာတံဆိပ်

| | | |
|---|---|---|
| ၁။ ရဲအုပ် | နှင်းဝေငြိမ်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲအုပ် | သင်းစုဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### စီမံထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ် | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၂။ ဒေါ်အေးအေးသိန်း | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |

### စီမံထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ပါမောက္ခ ဒေါက်တာနုနုမေ | ပါမောက္ခ(မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်စန္ဒာမြင့် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃။ ဒေါ်မှုံရွှေရည် | ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ ဒေါက်တာလှလှဌေး | ဒုတိယဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ဒေါက်တာရွှေစင်လှိုင် | ညွှန်ကြားရေးမှူး(ဓာတ်ခွဲ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်လင်းလင်းမာ | ဒုတိယညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇။ ဒေါက်တာအေးသူအောင် | ဆေးရုံအုပ်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၈။ ဒေါက်တာအိအိခင် | ခရိုင်ကုသရေးဦးစီးဌာနမှူး/ ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ ဒေါက်တာကြူကြူနိုင် | အထူးကုဆရာဝန်ကြီး (ဓာတ်မှန်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ ဒေါ်နန်းအိသန္တာချော | မြို့နယ်တရားသူကြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| ၁၁။ ဒေါ်ဇင်မင်းခိုင် | ဦးစီးအရာရှိ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ ဒေါ်နွယ်နွယ်ဦး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃။ ဒေါ်စောခင်ခင်ချို | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်ဖွားမြိုင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅။ ဒေါ်ခင်စောယုမော် | | မန္တလေးတိုင်းဒေသကြီး |

### လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ခင်ချယ်ရီသက် | အားကစားမှူး | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန |
| ၂။ ဒေါ်မာစီ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃။ ဒေါ်ခင်မင်းဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄။ ဒေါ်ဖြူဖြူသင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅။ ဒေါ်မြင့်မြင့်စိန် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်ဇာဇာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇။ ဒေါ်အိအိဖြိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈။ ဒေါ်စိုးမြတ်သူဇာ | | အနုပညာရှင် |
| ၉။ ဒေါ်မေသဥ္ဇာဦး(ခ) ဒေါ်သူဇာထွေး | | အနုပညာရှင် |

### လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါက်တာတင်ချိုချိုကို | ဆေးရုံအုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ ဒေါ်ထက်ထက်အေး | လက်ထောက် ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၃။ ဒေါ်နှင်းဝေဝေလွင် | အထက်တန်းပြ(ကာ/ယ) | ပညာရေးဝန်ကြီးဌာန |
| ၄။ လ၂၇၄၄၅၇ | ရဲတပ်ကြပ်ကြီး မေဟန်နီအောင်လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

### လူမှုထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်သိင်္ဂီရဲထွန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် | အလုပ်သမားဝန်ကြီးဌာန |
| ၂။ ပါမောက္ခ ဒေါက်တာသန္တာဝင်းနွယ် | ပါမောက္ခ/ ဌာနမှူး (အရေးပေါ်ကုသမှုဆေးပညာဌာန) | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ ပါမောက္ခ ဒေါက်တာသင်းသင်းဝင်း | ပါမောက္ခ (အရေးပေါ်ဆေးပညာ) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ ပါမောက္ခ ဒေါက်တာမိုးနွယ် | ပါမောက္ခ (သားဖွားမီးယပ်) | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ ပါမောက္ခ ဒေါက်တာချိုချိုဝင်း | ပါမောက္ခ(ကလေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ ဒေါ်အေးအေးမော် | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၇။ ဒေါ်နှင်းသန္တာအောင် | ညွှန်ကြားရေးမှူး(မြို့ပြ) | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၈။ ဒေါ်နော်ချောစု | ဒုတိယညွှန်ကြားရေးမှူး | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၉။ ဒေါ်စောရွှေ | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၀။ ဒေါ်သိန်းသိန်းဦး | တိုင်းဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၁။ ဒေါ်နီနီခိုင် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂။ ဒေါ်နန့်အေးအေးနွယ် | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၃။ ဒေါက်တာ ခင်ထက်ထက်ထွန်း | အထူးကုဆရာဝန် (မေ့ဆေး) | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၄။ ဒေါ်သိင်္ဂီအောင် | ဒုတိယဦးစီးမှူး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၅။ ဒေါ်ခင်မျိုးသန့် | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၆။ ဒေါ်သဇင်ထွန်း | ဒုတိယဦးစီးမှူး | အလုပ်သမားဝန်ကြီးဌာန |
| ၁၇။ ဒေါ်သိန်းသန်းရီ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၈။ ဒေါ်ခင်မာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၉။ ဒေါ်မိုးမိုးစံ | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၀။ ဒေါ်မာမာအေး | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၁။ ဒေါ်သူဇာနွယ် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၂။ ဒေါ်တိုးတိုးသန်း | ကျန်းမာရေးမှူး(၂) | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ ဒေါ်ခိုင်နွဲ့ဇော် | အကြီးတန်းစာရေး | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၄။ ဒေါ်ဇင်မို့မို့ကျော် | အထက်တန်းသူနာပြု | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၅။ ဒေါ်ယွန်းသီရိထွန်း | အကြီးတန်းစာရေး | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၂၆။ ဒေါ်ဌေးဌေးမြင့် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၇။ ဒေါ်ဆွေဆွေမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၈။ ဒေါ်မြမြမိုး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂၉။ ဒေါ်စန္ဒာစိန် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၀။ ဒေါ်ရွှေစင်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃၁။ ဒေါ်ကျော့ကျော့ဆွေ | စက်မှုကျွမ်းကျင်(၄) | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃၂။ ဒေါ်ဌေးနုဝါ | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၃။ ဒေါ်မူမူဝင်း | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၄။ ဒေါ်နွယ်နွယ်စိုး | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၅။ ဒေါ်အေးအေးမော် | သားဖွားဆရာမ | ကျန်းမာရေးဝန်ကြီးဌာန |
| ၃၆။ ဒေါ်ဖြိုးဖြိုးမြတ် | သန့်ရှင်းရေးအကူ | ပညာရေးဝန်ကြီးဌာန |
| ၃၇။ ဒေါ်သင်းသင်းကျော် | ဥက္ကဋ္ဌ | မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း |
| ၃၈။ ဒေါ်ဖြူဖြူမြင့် | သွေးအလှူရှင် | နေပြည်တော် |
| ၃၉။ ဒေါ်ဝင်းဌေး | ရပ်ကွက်အုပ်ချုပ်ရေးမှူး | တနင်္သာရီတိုင်းဒေသကြီး |
| ၄၀။ ဒေါ်သိမ့်သိမ့်လွင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | ပဲခူးတိုင်းဒေသကြီး |
| ၄၁။ ဒေါ်သန်းရှိန် | ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | မကွေးတိုင်းဒေသကြီး |
| ၄၂။ ဒေါ်စုစုဟန် | ရာအိမ်မှူး | မကွေးတိုင်းဒေသကြီး |
| ၄၃။ ဒေါ်ဖြိုးသန္တာအောင် | ရပ်ကွက်အုပ်ချုပ်ရေးမှူး | မန္တလေးတိုင်းဒေသကြီး |
| ၄၄။ ဒေါ်ညွန့်ညွန့်ဆွေ | ရာအိမ်မှူး | မန္တလေးတိုင်းဒေသကြီး |

### စီးပွားထူးချွန်တံဆိပ်များ

### လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်အယ်ဗလင်း | ဦးစီးအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်ဖူးငုံဝေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂။ ဒေါက်တာမြတ်သီတာမြင့် | ဥက္ကဋ္ဌ | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |
| ၃။ ဒေါက်တာတိုးနန္ဒာတင် | အကြီးတန်းဒုတိယဥက္ကဋ္ဌ | မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် |
| ၄။ ဒေါ်ကြွေကြွေဇင် | အကြံပေး | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |

### ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | |
|---|---|
| ၁။ ဒေါ်ဆွေဇင်ထိုက် | အနုပညာရှင် |

### စာပေပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | |
|---|---|
| ၁။ ဒေါ်မြမြသန်း (ခ) မနှင်းဖွေး | စာပေပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အမည်မည်းစာရင်းကြေညာခြင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ အဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေး ကတ်မှတ် |
|---|---|---|---|---|
| ၈၄ | MANDALAY DA ZHONG COMPANY LIMITED. | Mr. MA RONGFU | Nanage/4-74, 41x42 STR, 62x63 STR, Maharmyaing 2 QTR, Maharaungyay Township, Mandalary | E92386267 |
| ၈၅ | MANDALAY LONGYEAR SHOES COMPANY LIMITED. | Mr. Fu KunYuan | Factory Zone, Phase 1A, Block (A), Plot No. F-D1-4, Myotha Industrial Park, Ngazun Township, Mandalay | ED2724508 |
| | | Mr. OU QIANG | | E46527224 |
| | | Mr. ROGER BOPPART | | X3801140 |
| | | Mr. ZHANG ZAIJUN | | EE2038373 |
| ၈၆ | MAW BEAUTIFUL LAND CO.,LTD. | U Aung Aung Htwe | No. (1/C), Pyilhtung Su Street, Mineyu (105) Mile, Muse Township, Shan (North) | 9/MAYATA(N)001885 |
| | | U Min Zaw Thein | | 12/YAKANA(N)073640 |
| ၈၇ | MAY TRADING YANGON COMPANY LIMITED. | U Aung Naing Soe | No. (209), First Floor, 39th Street, Middle Block, Kyauktada Township, Yangon | 12/DAGATA(N)122765 |
| | | U Hla Win | | 12/DAGATA(N)132028 |
| | | U Tin Win | | 12/DAGATA(N)132025 |
| ၈၈ | MEGA A 99 COMPANY LIMITED. | U Aye Tun | No. 163, 3rd Floor, 101 Street, Phot Myay Quarter,Mingalar Taung Nyunt Township, Yangon | 12/THAGAKA(N)160231 |
| | | U Kaung Myat Tun | | 12/MAGATA(N)104391 |
| | | U Kaung Set Tun | | 12/MAGATA(N)104392 |
| ၈၉ | MOE HAN OO TRADING CO.,LTD. | Daw May Myint Khine | Dhamar Yong (1) Street, No.90-A (13) Quarter, Yankin Township, Yangon | 12/TAMANA(N)105609 |
| | | U Aung Myint@ Mohamed Mustafa | | 12/TAMANA(N)012373 |
| ၉၀ | MOE MYINT YAN COMPANY LIMITED. | Daw War War Tun | Thiri Myaing (3) Street, No.(6-A),Ground Floor, No.(13) Quarter, Hlaing Township,, Yangon | 8/YANAKHA(N)077576 |
| | | Naw Roser | | 13/THAPANA(N)039433 |
| | | U A Druck | | 2/DAMANA(N)008556 |
| | | U Moe Myint | | 12/LAMANA(N)136293 |
| ၉၁ | MOUNT VEBHARA TRADING COMPANY LIMITED. | Daw Thida Aye | Building 239, Room No.3, Sein Pan Myaing Street, 25-Ward, Thuwunna, Thingangyun T/S, Yangon | 12/Tha Ga Ka (N)083018 |
| | | Daw Yin Yin Win | | 12/Ta Ta Na (N)223184 |
| ၉၂ | MPTK COMPANY LIMITED. | MR. PHAKORN KOSONSITTIWIT | No.6(3B), 149 TH Street, Pyar Yay Goe Quarter, Tamwe Township, Yangon | AA 8766410 |
| | | MR. THANAKRIT KOSONSITTIWIT | | AA 7556400 |
| ၉၃ | MTS MYANMAR 2018 COMPANY LIMITED. | Daw Nan Mel Thwe Sein | West Hinthar Gone,, Block No, (42), (4) Quarter, Hpa An Township,, Kayin State | 3/BAAHNA(N)229233 |
| | | Nan Thuzar Win | | 3/MAWATA(N)088051 |
| | | Saw Khin Kyaw Oo | | 3/BAAHNA(N)219772 |
| ၉၄ | MUSE KO KANG CO., LTD. | Daw Khwar Nyo Aye | No.12, Swan Saw(4) Street, Swan Saw Quarter, Muse Township, Shan State | 13/LAYANA(N)005723 |
| | | Daw Hla Hla Aye | | 13/LAYANA(N)085165 |
| | | U Maung Win | | 13/LAYANA(N)124880 |
| | | U Nay Myo Naing | | 12/MAYAKA(N)162053 |
| | | U Soe Tint | | 13/LAYANA (N) 072430 |
| | | U Yann Khite Chan | | 13/KALATA (N)017253 |
| | | U Yann Laung;Sann | | 13/KALATA(N)017825 |
| | | Yan May Kyu @ Hnin Pwint Soe | | 13/LAYANA (N) 088431 |
| ၉၅ | MYA NAN SHWE YE KYAW COMPANY LIMITED. | Kyaw Win | No.(3032), MoeMakha Street, Yarza Thingaha Quarter, Ottara Thiri Township, Naypyitaw | 12/LAKANA(N)171843 |
| | | May Mie Kyaw | | 12/SAKHANA(N)069811 |
| | | Moh Moh Kyin | | 13/PATAYA(N)002884 |
| | | Yin Yin Kyaw | | 13/KALANA (N) 062611 |
| ၉၆ | MYANMAR ASIA EXPRESS TRADING CO., LTD. | Daw Ei Ei Shwe | Mya Wut Yi 5TH Street, No.12/A, Parami Yeikthar 9TH Quarter, Mayangone Township, Yangon | 12/MABANA(N)085504 |
| | | Daw Thi Thi Aye | | 10/BALANA(N)057589 |
| | | U Win Naing | | 12/MABANA(N)076949 |
| ၉၇ | MYANMAR BALAJI COMPANY LIMITED. | U Kay Zin Soe | No.182,4th Street, Ward No.93, Dagon (Seikkan) Township, Yangon | 14/Ah Ga Pa (N) 221114 |
| | | Daw Thin Thin Naing | | 7/Da Ou Na (N) 001412 |
| ၉၈ | MYANMAR BIMETAL COMPANY LIMITED. | Myo Min Oo | Thazin (1) Street, No. (751) (15)Ward, Dagon Myothit(East) Township, Yangon | 12/THAGAKA(N)190655 |
| ၉၉ | MYANMAR CULLET COMPANY LIMITED. | Aung Aye Htut | Golden City Business Center,C1,Zone C,1ST Floor Yankin Township, Yangon | 566013783 |
| | | Ei Shwe Sin | | 9/MAYAMA(N)013829 |
| | | Kyaw Kyaw Sein | | 13/LAYANA(N)000447 |
| | | Kyaw Min Oo | | 1/BAMANA (N)049363 |
| | | Ni Aung Khaing Myint | | 9/MAYATA(N)000178 |
| | | Tun Tun | | 9/MAYATA(N)108273 |
| | | Tun Win | | 9/MAYAMA(N)053811 |
| | | Zaw Win | | 13/TAKANA(N)003097 |
| ၁၀၀ | MYANMAR HAI LI AIR COMPANY LIMITED. | U Phyo Aung | Shwe Taung Tan Street, No.129 Lanmadaw Township, Yangon | 9/Makana(N)128856 |
| | | U Pyae Phyo Oo | | 14/AHGAPA(N)241234 |
| ၁၀၁ | MYANMAR HONG YE IMPORT AND EXPORT TRADING COMPANY LIMITED. | CHU JIANPING | Myaungtagar Industry Zone, No.82 HMAWBI, Yangon | EG6615891 |
| | | Khin Mar Cho | | 12/AHSANA(N)115558 |
| ၁၀၂ | MYANMAR MINGXINPACKING MATERIAL COMPANY LIMITED. | Moe Moe Aye | Block 1036 A, Hta Min Soape Gone Kwin, No.2/Ga Gyi& No.41/Ga Gyi,Pike Gyi Well Village Group, Hlegu Township, Yangon | 13/LAYANA(N)185028 |
| | | Zhao Shougong | | E42282105 |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်အမည် | ကုမ္ပဏီလိပ်စာ | နိုင်ငံသားစိစစ်ရေးကတ်မှတ် |
|---|---|---|---|---|
| ၁၀၃ | MYANMAR RECYCLES COMPAMY LIMITED. | HENRY CLEEVE COX | U Aung Kane Street, No.91/C3 Bahan Township, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon Plot 16, Myaungdaga Industrial Zone Hmawbi, Yangon | E4119572 |
| | | KEVIN MICHAEL MURPHY | | 530457134 |
| | | ZHIPU DIANA WU | | 530986676 |
| ၁၀၄ | MYANMAR YADANAR JASMINE COMPANY LIMITED. | U Chit Khaing | No.(272), Ponnya Street,, Yat Kwet Gyi (2), (45) Ward, Pyin Oo Lwin Township, Mandalay | 9/PAOULA(N)056003 |
| | | U Kyaw Soe | | 9/TATAOU(N)110296 |
| ၁၀၅ | MYANMAR YES COMPANY LIMITED. | | | |
| ၁၀၆ | MYANMAR YI YUCHENG RENEWABLE RESOURCES TECHNOLOGY CO., LTD. | Khin Moe Myint | Mya Taung Win Gyee Oo Hmo Street, Warehouse No394 Shwe Lin Ban Industrial Zone, Hlaing Thar Yar Township, Yangon | 13/YASANA(N)002867 |
| | | Li, Sone | | EC1797684 |
| ၁၀၇ | MYANMAR YULIN CO., LTD. | LI ZUOLONG | Kyi Su Industrial Zone, Plot No. (C-10), Myay Taing Block No. (175) Dagon Myo Thit (Seikkan), Yangon | EE6260940 |
| | | TANG JIANMING | | E72646953 |
| | | ZHU YONGKANG | | E96389537 |
| ၁၀၈ | MYAT HTET THU COMPANY LIMITED. | Daw Ei July | Thayet Taw (4) Street, No.(69) Thayet Taw (South) Ward, Kyeemyindaing Township, Yangon | 6/LALANA(N)074744 |
| | | U Soe That | | 6/LALANA(N)063803 |
| ၁၀၉ | MYAT KYAW KYAW COMPANY LIMITED. | U Kyaw Than | No.1/133, Sepin Street, Taung Thar Quarter, Pyinmana Township,, Naypyitaw | 9/PAMANA(N)088116 |
| ၁၁၀ | MYAWADDY WHITE ELEPHANT COMPANY LIMITED. | Daw Hay Mar Phyo | Padauk Street,, No.(3) Quarter, Myawaddy Township, Kayin | 6/KATHANA(N)043591 |
| | | Daw Phyo Thet Kyaw | | 12/OUKATA(N)166073 |
| ၁၁၁ | MYSICO CONSTRUCTION & TRADING COMPANY LIMITED. | U Saw Rock Son | No(146/L1), Pyay Road Mayangon Township, Yangon Yanshin Road,, Building (24), Room 34, Shwe Ohn Pin Housing (Yankin Palm Village (2)), Yankin Township,, Yangon | 12/MABANA(N)083355 |
| ၁၁၂ | N H O COMPANY LIMITED. | U Khin Htwe | Maharbandula Road , Between-30 x 29 Street,, No.491, 6-Ward, Pabedan Township, Yangon | 12/THAKATA(N)116441 |
| | | U Khin Maung Latt | | 12/PABATA(N)026253 |
| | | U Myo Htet Oo | | 12/PABATA(N)032566 |
| | | U Shwe Win | | 12/PABATA(N)021705 |
| ၁၁၃ | N.Y.K GLOBAL DIAMOND CROWN COMPANY LIMTIED. | Daw Khin Sabei Aye @ Khatizar Bi Bi | 54th Street, No.(17), 1st Floor Ward No.(2), Pazundaung Township, Yangon | 12/PAZATA(N)004829 |
| | | U Tin Soe | | 12/PAZATA(N)000451 |
| | | U Wai Yan Soe | | 12/PAZATA(N)035743 |
| ၁၁၄ | NAN WAI WAI AUNG TRADING COMPANY LIMITED. | Daw Khin Nan Wai | No.(5), Oo Phee Street, Sanchaung (South) Quarter, Sanchaung Township, Yangon | 14/MAAHPA(N)203071 |
| | | U Htein Win | | 12/KAMAYA(N)036993 |
| | | U Lian Sian Mung | | 5/TAHSANA(N)097239 |
| ၁၁၅ | NATRON (MYANMAR) TRADING COMPANY LIMITED. | Daw Bout Jar. | Thumingalar Road, Between Parami Road & Thitsar Road, No.(993), south Okkalapa Township, Yangon | 13/TAKANA(N)147499 |
| | | U Tin Ko Oo | | 8/PAMANA(N)002597 |
| ၁၁၆ | NEW FUTURE STAR COMPANY LIMITED. | Daw Nan Aye Cho | LA/AH(54), Taung Ni Kwae Street, Pait Swel Quarter, Moegoke Township, Mandalay | 13/MANGANA(N)006497 |
| ၁၁၇ | NGWE THEE INTERNATIONAL COMPANY LIMITED. | Daw Aye Thandar Khaing | Ayar (18) Street, No(819), (NYA) Ward, North Okkalapa Township, Yangon | 12/OUKAMA(N)150079 |
| | | U Win Thu | | 12/OUKAMA(N)150284 |
| ၁၁၈ | NILAR YAUNG CHI COMPANY LIMITED. | U Maung Maung | No(158), (3) Street, (15)Ward, South Okkalapa Township, Yangon | 11/SATANA(N)119513 |
| ၁၁၉ | NYI MIN KHANT TRADING CO.,LTD. | U Aung Ko Latt @ Monarmed Usus | 4th Street, No(94), Zaing North Quarter, Bago | 7/PAKHANA(N)002169 |
| | | U Hein Htet Aung | | 7/PAKHANa(N)378345 |
| ၁၂၀ | NYI NAUNG OO MWD COMPANY LTD. | U Saw Nyi Nyi | ASIA Main Road, No. (A), Myawaddy Economic Zone, Myawaddy Township, Kayin State | 3/MAWATA(N)057515 |
| | | U Saw Than Naing Tun | | 3/MAWATA(N)057514 |
| | | U Aung Kyaw | | 13/PHAKHANA(N)081567 |
| | | U Naing Tun | | 9/MAKANA(N)072612 |
| ၁၂၁ | OSS ENGINEERING COMPANY LIMITED. | Daw Naw Nyar Moo | Pyaynawaday Street, 1/36 No.96, Shwe-pyithar Township, Yangon | 7/KATAKHA(N)076959 |
| ၁၂၂ | PA DA MYARR NYI NAUNG COMPANY LIMITED. | U Ye Min Zin | No. 106, Myothit, Asia Main Road, Thin Gan Nyi Naung, Myawaddi Township, Kayin State | 8/PAKHAKA(N)208046 |
| | | U Kaung Myat Kyaw | | 9/MAKHANA(N)149234 |
| | | U Khin Maung Win | | 3/MAWATA(N)024223 |
| | | U Soe Min Lwin | | 3/BAAHNA(N)313829 |
| | | U Min Ko | | 8/PAMANA(N)107574 |
| | | U Aung Naing Oo | | 12/MAWATA(N)041138 |
| | | U Lin Bin Hu @ Win Naing | | 12/LATHANA(N)000309 |

(ဆက်လက်ဖော်ပြပါမည်)

# လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ ပြန်လည်ဖမ်းဆီးရမိ

ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား တွေ့ရစဉ်။



အချုပ်တရားခံ ဇွန်ပွင့်လှိုင်



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ ချစ်ဇင်လင်း(ခ) စောအယ်ထူး



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သီဟသူ



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သုခပြည့်စုံ(ခ) ဖိုးခွား



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ သူရဝင်း



ပစ်ခတ်ရာတွင် ပါဝင်ခဲ့သူ တရားခံ အောင်စန်းမိုး(ခ)ပေါင်မုန့်

နေပြည်တော် ဇူလိုင် ၂

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့မ ရဲစခန်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည)ဖြင့် ဖမ်းဆီးထားသည့် အချုပ်တရားခံ ဇွန်ပွင့်လှိုင် (၃၀) နှစ် (ဘ) ဦးလှမင်းအား ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက် ညပိုင်းတွင် ကျောက်ကပ်ရောဂါ အရေးပေါ် ကုသရန် အမှတ် (၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ သပြေအထူးကု ဆေးခန်းသို့ ပို့ဆောင်ပေးပြီး အပြန် လှိုင်သာယာ (အရှေ့ပိုင်း) ဝင်ရောက်ဆေးဝယ်ကာပြန်ထွက် မြို့နယ်ရှိ Ocean Center သို့ လာစဉ် ကားပါကင်အနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စောင့်ကြိုပစ်ခတ်ခဲ့ရာ ဆေးခန်းသို့ လိုက်ပါပို့ဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ကျည်များထိမှန်၍ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး အချုပ်တရားခံ ဇွန်ပွင့်လှိုင်အား ခေါ်ဆောင် ထွက်ပြေးသွားကြောင်း သိရသည်။



ရဲတပ်ဖွဲ့ဝင်များအား လက်နက်ငယ်ဖြင့် ပစ်ခတ်၍ အချုပ်တရားခံအား ခေါ်ဆောင်သွားသည့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အချုပ်တရားခံအား လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

အဆိုပါ အချုပ်တရားခံနှင့် ခေါ်ဆောင် ထွက်ပြေးသွားသူများအား အမြန်ဆုံး ပြန်လည်ဖမ်းဆီးရမိနိုင်ရေးအတွက် ပိတ်ဆို့ရှာဖွေမှုများပြုလုပ်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာ (၆)လမ်းသွားလမ်းဆုံနေရာ၌ ဇွန်ပွင့်လှိုင် အပါအဝင် ရဲလုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် ဘားအံမြို့နယ် တောင်ဝိုင်းကျေးရွာနေ ချစ်ဇင်လင်း(ခ) စောအယ်ထူး (၃၈)နှစ် (ဘ) ဦးစိန်မင်းနှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၃) ရပ်ကွက်နေ သီဟသူ (၂၃)နှစ် (ဘ) ဦးဘိုဘိုသူ တို့ကိုလည်းကောင်း၊ စစ်ပင်ကွင်း ကျေးရွာအနီး သန်လျင် - သုံးခွကားလမ်းရှိ စစ်ပင်ကွင်း ကားမှတ်တိုင်၌ ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာနေ သုခပြည့်စုံ (ခ)ဖိုးခွား (၂၀)နှစ် (ဘ) ဦးနေထွန်း၊ လှည်းကူးမြို့နယ် ရိပ်သာ ရပ်ကွက်နေ သူရဝင်း (၃၅)နှစ် (ဘ) ဦးသန်းဇော်နှင့် မုံရွာမြို့နယ် မြို့သစ်ရပ်ကွက်နေ အောင်စန်းမိုး (ခ) ပေါင်မုန့် (၂၂)နှစ် (ဘ) ဦးမိုးသီး တို့ကိုလည်းကောင်း၊ ပစ္စတိုနှစ်လက်၊ ကျည်မျိုးစုံ ၄၃ တောင့်၊ ကျည်အိမ်သုံးခု၊ လက်ပစ်ဗုံးလေးလုံးတို့နှင့်အတူ အသီးသီးဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အချုပ်တရားခံ ဇွန်ပွင့်လှိုင် အပါအဝင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦးကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

## အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများနှင့် တရုတ်အမျိုးသားနှင့်အတူပေါင်းသင်းရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူ များနှင့် အမျိုးသားနှင့်အတူ ပေါင်းသင်းရန် စီစဉ်ခဲ့သူကို လူကုန်ကူးမှုဖြင့်အလုပ်နှင့် ထောင်ဒဏ်နှစ်(၂၀) ကျခံစေရန် အမိန့်ချမှတ် ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်း မြို့နယ်နေ မ-----၊ ၂၅/၂၀၂၅ နှစ်ကို တစ်ရပ်ကွက်တည်းနေ ခါကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဆမားဒူးဝါး(၃/ခ) ရပ်ကွက်နေ စန်းစန်းနွဲ့(ခ)စန်းစန်း(ခ)မအေးတို့က တရုတ်ယောက်ျားယူပါက ငွေကျပ် သိန်း ၆၀ ခန့်ရမည်၊ ကလေးတစ်ဦး မွေးပေးပြီး ပြန်လာလိုပါက ပြန်လာ၍ရကြောင်း စည်းရုံးပြောဆိုပြီး မြစ်ကြီးနားမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်ယောက်ျားထံ ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မြစ်ကြီးနားမြို့နယ် မြစ်ကြီးနားနယ်မြေရဲစခန်း (ပ) ၂၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ဇွန် ၃၀ ရက်တွင် မြစ်ကြီးနားခရိုင်တရားရုံးမှ တရားခံ စန်းစန်းနွဲ့(ခ)စန်းစန်း(ခ)မအေး အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ဆယ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ ခါကြီးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် စားပွဲထိုးအလုပ် လုပ်ကိုင်နေသည့် မ-----၊ ၁၇/၂၀၂၅ နှစ် ကို ဆိုင်သို့လာရောက်လေ့ရှိသူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၅)ရပ်ကွက်နေ ထွေးထွေး(ခ)ချင်းချင်း(ခ)တရုတ်မက တရုတ်အမျိုးသားတစ်ဦးနှင့် တစ်ပတ်၊ ၁၀ ရက်ခန့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးပါက ငွေကျပ်သိန်း(၅၀)ခန့် ရရှိမည်၊ တရုတ်အမျိုးသား ရန်ကုန်မြို့သို့ ရောက်ရှိလာသည့်အချိန်မှသာ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ပေးရမည်၊ အသက်ပြည့်ပါက ငွေကျပ်သိန်း ၁၅၀ ဖြင့် တရားဝင် တင်တောင်းပြီး တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားမည်၊ တရုတ်အမျိုးသားမှ လိုအပ်သလို ထောက်ပံ့ပေးသွားမည်ဟု စည်းရုံးပြောဆို၍ တရုတ်အမျိုးသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် ပဲခူးမြို့ အမှတ်(၃)နယ်မြေ ရဲစခန်း (ပ) ၂၇၃/ ၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်တွင် ပဲခူးခရိုင်တရားရုံးမှ တရားခံ ထွေးထွေး (ခ)ချင်းချင်း(ခ)တရုတ်မ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရခိုင်ရိုးလေးကျေးရွာနေ ဦး-----၊ ၃၈/၂၀၂၅ နှစ် အား တစ်ရပ်ကွက်တည်းနေ မပပ က ဖျာပုံမြို့နယ် မြစ်တန်းကျေးရွာရှိ စက်လှေပေါ်တွင် ပိုက်ထောင်သည့် အလုပ်အား လုပ်ကိုင်ပါက တစ်လလျှင် စရိတ်ငြိမ်း ငွေနှစ်သိန်းကျပ်ခန့်ရမည်၊ ၎င်းကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆို၍ မိုးမင်းဝင်း(ခ)ငမိုး ထံပို့ဆောင်ပေးခဲ့ကြောင်း၊ မိုးမင်းဝင်း(ခ)ငမိုးမှ "ဖြိုး"ရေစင်သို့ ပို့ဆောင်ပေးခဲ့သဖြင့် ငါးဖမ်းသင်္ဘောပေါ်တွင် ခြောက်လကျော်ခန့် အလုပ်လုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခ ထုတ်ယူချိန်တွင် မရရှိဘဲ မိုးမင်းဝင်း(ခ)ငမိုးမှ လုပ်အားခ ငွေကျပ်၁၀ သိန်းကို ကြိုတင်ခေါင်းပုံဖြတ် ထုတ်ယူသွားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်နယ်မြေရဲစခန်း (ပ) ၇/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၆ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မှော်ဘီခရိုင် တရားရုံးမှ ဇွန် ၃၀ ရက်တွင် တရားခံ မိုးမင်းဝင်း(ခ)ငမိုး အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ မပပ အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/ ၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Myat Noe Thu" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ကျွန်စစ်သား ရပ်ကွက်နေ ဟသ်ာမြင့်(ခ)မြတ်နိုးသူအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ "Soe Win Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၁၈) ရပ်ကွက်နေ စိုးဝင်းဇော်(ခ)ကောင်လေး(ခ)ဗိုလ်ဇော်အား ည ၆ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## 2025 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၁၄ ရက်တွင် စတင်မည်



**ဟမ်းဘတ် ဇူလိုင် ၂**

ဂျာမနီနိုင်ငံ၊ ဟမ်းဘတ်မြို့ တွင် ကျင်းပမည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ လာမည့် ဇူလိုင် ၁၄ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၄ရက်မှ ၂၁ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

MSC Hamburg Ladies Open တင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံမှာ ဟန်ဂေရီတင်းနစ်မယ် Anna Bondar ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## နည်းပြ ရီနာတိုပိုင်ဇာအား ဘိုတာဖိုဂိုအသင်း ထုတ်ပယ်



**လန်ဒန် ဇူလိုင် ၂**

ဘိုတာဖိုဂိုအသင်းသည် အသင်းနည်းပြ ရီနာတိုပိုင်ဇာအား ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ဘိုတာဖိုဂိုအသင်းသည် ၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းနည်းပြ ရီနာတိုပိုင်ဇာအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ရီနာတိုပိုင်ဇာသည် ဘိုတာဖိုဂိုအသင်းအား ၂၀၂၅ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ စတင် ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃ ပွဲတွင် ၁၂ ပွဲ နိုင်၊ သုံးပွဲ သရေ၊ ရှစ်ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဘိုတာဖိုဂိုအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ရီနာတိုပိုင်ဇာကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဖာပို စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် လိဒ်စ်အသင်းမှ ထွက်ခွာ

**လန်ဒန် ဇူလိုင် ၂**

နောက်ခံကစားသမား ဖာပိုသည် လိဒ်စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လိဒ်စ်အသင်း၏ စာချုပ်သက်တမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးအသင်းမှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဖာပိုအား လက်ရှိအချိန်တွင် ဘက်တစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။

ဖာပိုသည် လိဒ်စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ပွဲကစားပြီး ၆ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ဘက်တစ်အသင်း အနေဖြင့် အသင်းလက်မဲ့ ဖြစ်သွားသော ဖာပိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဟာဘစ်ဒီယာရာအား ယူရို ၃၅ သန်းဖြင့် ဆန်းဒါးလန်းအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂**

ပရီးမီးယားလိဂ်တန်းတက်ကလပ် ဆန်းဒါးလန်းအသင်းသည် ပြင်သစ်လီဂူးကလပ် စထရာဘိုးအသင်း ကွင်းလယ်ကစားသမား ဟာဘစ်ဒီယာရာအား ယူရို ၃၅သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စထရာဘိုးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၉ပွဲကစားပြီး ၁၀ ဂိုးသွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။



အသက်(၂၁)နှစ်အရွယ်ရှိ ဟာဘစ်ဒီယာရာက "ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေ ပြီးပြည့်စုံခဲ့ပါပြီ။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဆန်းဒါးလန်းအသင်းနဲ့ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ" ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## ကယ်ပါအား အာဆင်နယ်အသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂**

အာဆင်နယ်အသင်းသည် ချဲလ်ဆီးအသင်း ဂိုးသမား ကယ်ပါအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၁သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။




ဂိုးသမား ကယ်ပါသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ဘုန်းမောက်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၃၅ ပွဲကစားကာ အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကယ်ပါက "ကျွန်တော် အာဆင်နယ် အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမယ့် ဘောလုံး ရာသီတွေမှာ အောင်မြင်မှုများ ရယူဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## လာဘ်ဝေဘုန်း အား ရန်ကုန်ယူနိုက်တက်အသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂**

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမား ထပ်မံအားဖြည့်မှုအဖြစ် ဟံသာဝတီယူနိုက်တက်အသင်းမှ နောက်ခံလူ လာဘ်ဝေဘုန်းအား နှစ်နှစ်စာချုပ်ဖြင့် ချုပ်ဆိုခေါ်ယူခဲ့သည်။

လာဘ်ဝေဘုန်းသည် ရန်ကုန်ယူနိုက်တက်မှဖွင့်လှစ်သည့် နွေရာသီဘောလုံးသင်တန်းကို ၂၀၁၈ ခုနှစ်တွင် စတင်တက်ရောက်ခဲ့ပြီးနောက် ဘောလုံးသမားဘဝစတင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် အကယ်ဒမီကျောင်းပေါင်းစုံပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက် အကယ်ဒမီ(ယူ-၁၄)အသင်းနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာ့လက်ရွေးစင် (ယူ-၁၅)အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရပြီး သက်တမ်းအလိုက် (ယူ-၁၆)၊(ယူ-၁၉)၊(ယူ-၂၂) အသင်းနှင့်အတူ SEA Games လက်ရွေးစင်အဖြစ် ပါဝင်ခဲ့ပြီး နောက် မြန်မာ့လက်ရွေးစင် အသင်းကြီးသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ **(ယာပုံ)**

လာဘ်ဝေဘုန်းသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ရှမ်းယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် ချန်ပီယံဆု ကို ၂၀၂၂ ခုနှစ်တွင် ရရှိခဲ့သည်။ ထို့နောက် ဇေယျာတီယူနိုက်တက် အသင်းတွင် ၂၀၂၃ ခုနှစ် ဒုတိယအကျော့တွင် အငှားသွားရောက် ကစားခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဟံသာဝတီယူနိုက်တက်အသင်းသို့ ထပ်မံအငှားသွားရောက် ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်းသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ **(NGB)**




## လူးဝစ်ဒီယက်ဇ်အား ခေါ်ယူရန် ဘိုင်ယန်မြူးနစ်အသင်း ဆွေးနွေး

**မြူးနစ် ဇူလိုင် ၂**

ဘိုင်ယန်မြူးနစ်အသင်းသည် လီဗာပူးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် တောင်ပံကစားသမား လူးဝစ်ဒီယက်ဇ်အား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၈ပွဲကစားပြီး ၄၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်းဖြစ်သည်။

လီဗာပူးအသင်းကလည်း လူးဝစ်ဒီယက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ လူးဝစ်ဒီယက်ဇ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ၂၀၂၅ဖီဖာကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်

**လန်ဒန် ဇူလိုင် ၂**

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဖလူမီနီအသင်းနှင့် အယ်လ်ဟီလာအသင်း၊ ပါးလ်မီးရက်စ်အသင်းနှင့် ချဲလ်ဆီးအသင်း၊ ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။



၂၀၂၅ ဖီဖာကလပ်ကမ္ဘာ့ဖလားကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များကို လာမည့် ဇူလိုင် (၅၊ ၆)ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်အား ဇူလိုင် (၉၊ ၁၀)ရက်၊ ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၄ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## ဘောလုံးအသင်းအတိုအထွာများ

* လီဗာပူးအသင်းသည် ခရစ်စတယ်ပဲလေ့စ်အသင်း နောက်ခံကစားသမား ဂူဟီအား ခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* မန်ချက်စတာယူနိုက်တက်အသင်းနှင့် အယ်လ်နာဆာအသင်းတို့သည် ပီအက်စ်ဂျီအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်သမား ဖော်ဘီယန်ရုဇ်အားခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။
* ဘုန်းမောက်အသင်းသည် အသင်းတောင်ပံကစားသမား အန်တိုနီဆီမီယိုအား ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(NGB)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး) အသက်(၂၃)နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၂**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ(အမျိုးသား/အမျိုးသမီး) အသက်(၂၃)နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ရှိ ဗထူးအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစား အလိုက်ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ ပိုက်ကျော်ခြင်း အားကစားကို ပိုမိုစိတ်ဝင်စားလာစေပြီး ပိုက်ကျော်ခြင်းအားကစားသမားကောင်းများ ပေါ် ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင် စည်းကမ်းများအတိုင်း လိုက်နာကာ အောင်မြင်မှုရရှိအောင် ယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ပေး ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အားကစားအသင်းလိုက် အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ပေးအပ်ပြီးနောက် ပွဲဦးထွက် တံတားဦးခရိုင်နှင့် ညောင်ဦးခရိုင် အမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို ဇူလိုင် ၈ရက်နေ့အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)
















## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီ ခွဲက ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် ခေတ္တ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသန့်ဇင်မျိုးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးများက သက်ဆိုင်ရာဌာနအလိုက် (၆/၂၀၂၅)လအတွင်း ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် (၇/၂၀၂၅)လတွင် လုပ်ဆောင်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အခက်အခဲများကို အသီးသီးရှင်းလင်း တင်ပြသည်။

ထို့နောက် တင်ပြချက်၊ ဆွေးနွေးချက်များနှင့်ပတ်သက်၍ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၅)

## အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**အမရပူရ ဇူလိုင် ၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စု ဇယားများနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ၊ နံပါတ်ဆယ်လုံးပါ UID ကတ်များကို ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက် ပေးခြင်းကို အမရပူရမြို့နယ်၊ ခနဲ့ကျေးရွာ အောင်သိဒ္ဓိကပ်ကျော် ဓမ္မာရုံတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင် ရွက်မှုတွင် အိမ်ထောင်စုဇယား ၂၅ ခု၊နိုင်ငံသားစိစစ်ရေးကတ် ၄၅ ခုနှင့် နံပါတ်ဆယ်လုံးပါ UID ကတ် ၇၅ ခုတို့ကို လက်ထောက် လဝကမှူးဒေါ်ခင်သူဇာ အောင် ဦးဆောင်သောအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ ကြောင်း မြို့နယ်လဝကဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

(အောက်ပုံ)(၀၈၄)



# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဇူလိုင် ၉ ရက် ဝါဆိုလပြည့်နေ့တွင် အောင်မြေသာစံမြို့နယ်ရှိ အတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများမှ ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လစ်ဟာမှုမရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ-ဝ






## အင်းလေးဒေသအတွင်းရှိ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လျှပ်စစ်ဓာတ်အားလိုင်းများ ရာခိုင်နှုန်းပြည့် ပြင်ဆင်ပြီးစီး

**ညောင်ရွှေ ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသအတွင်းရှိ မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြင်ဆင်မှုမှာ ဇွန် ၂၈ ရက်တွင် ရာခိုင်နှုန်းပြည့် ပြင်ဆင်ပြီးစီးခဲ့ပြီး ဓာတ်အားများ ပြန်လည် ပို့လွှတ်ဖြန့်ဖြူးထားပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ သိရသည်။

အဆိုပါ မန္တလေးငလျင်ကြီးဒဏ်ကြောင့် အင်းလေးဒေသအတွင်းရှိ ကျေးရွာများ၌ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ယိုင်လဲချို့ယွင်းပျက်စီး၍ ကျေးရွာပေါင်း ၃၂၁ ရွာ ယာယီဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ လျှပ်စစ်မီးကြိုးများ ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ယိုင်လဲသွားသည့် ဓာတ်တိုင်များ တည့်မတ်ပြုပြင်ခြင်း၊ အသစ်စိုက်ထူခြင်း လုပ်ငန်းများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများ၊ လုပ်သားများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ဆုံး ပြင်ဆင်ဆောင်ရွက်မှုကြောင့် အင်းလေးဒေသအတွင်းရှိ ကျေးရွာပေါင်း ၃၁၆ ရွာ၌ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ဖြန့်ဖြူးထားပြီးဖြစ်ကြောင်း၊ ဓာတ်အားလွှတ်ရန်ကျန်ရှိသည့် ကျေးရွာငါးရွာတို့တွင် နေအိမ်အဆောက်အအုံများ ပြန်လည်တည့်မတ်ဆောက်လုပ်နေဆဲဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းမှုရှိသည့်အချိန်မှသာ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးထံမှ သိရသည်။ **(အပေါ်ပုံ)**

(၃၆၈)

## ငလျင်ဘေးအန္တရာယ်ဆိုင်ရာသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်

**သာစည် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့ အ·ထ·က(၁)၌ ငလျင်ဘေး အန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားတွင် ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးစိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအဖွဲ့များ၊ အ·ထ·က(၁) သာစည်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း ၃၂၀ ဦးက ငလျင်ဘေးအန္တရာယ်ဆိုင်ရာသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းစဉ်များကို အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်း၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြသည်။

အဆိုပါ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးထံသို့ ဂုဏ်ပြုဆုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၅၃)



## မဟာရံအုတ်တံတိုင်းများအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး ဇူလိုင် ၂**

ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးသွားသော မဟာဝိဇယကျောင်းတိုက်၏ မဟာရံကျောင်းအုတ်တံတိုင်းများကို ယခုအခါ တပည့်ဒါယကာ၊ ဒါယိကာများ၏ စုပေါင်းဝိုင်းဝန်းလှူဒါန်းမှုနှင့်အတူ အသစ်ပြန်လည်ဆောက်လျက်ရှိသည်။

အဆိုပါ မဟာရံကျောင်းအုတ်တံတိုင်းများ အမြန်ပြီးမြောက်ရေးအတွက် ဦးပြည့်ဖြိုးဇော်မြင့်+ဒေါ်သီဂီ မိသားစုက အလှူငွေကျပ် ခြောက်သိန်း၊ ဦးဟော်အန်းသာ+ဒေါ်သန်းမေ မိသားစု၊ ဦးသိန်းနှင်းဝေ+ဒေါ်ခင်တင့် မိသားစု၊ ဦးဌေးအောင်+ဒေါ်အမာရီ မိသားစု၊ ဒေါ်တင်မြ၊ (သား) ကိုရဲမင်းကျော် မိသားစု၊ ဦးခင်ဝင်း+ဒေါ်ရှုလှိုင် မိသားစု၊ ဦးစံမောင်+ဒေါ်အေးမြင့် မိသားစု၊ ဒေါ်မြမြဦး မိသားစု၊ ဦးစိန်မင်း+ဒေါ်မာမာ မိသားစုတို့က မဟာရံတံတိုင်း တစ်ခန်းစာအတွက် အလှူငွေကျပ်သုံးသိန်းစီကို မဟာဝိဇယဆရာတော်ကြီးထံ အသီးသီးလာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ မဟာရံတံတိုင်းများကို ဝါခေါင်လအတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၀၅၁)

## ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ်ကြီး ဇူလိုင် ၂**

ပုသိမ်ကြီးမြို့နယ်အတွင်း တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်ပင်သာ-ဆင်ရွာတောလမ်း အရှည်သုည ဒသမ ၆၃၅ ကီလိုမီတာရှိ ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာလမ်းပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ အမရပူရခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းထွန်းဦးတို့က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ကြီးမြို့နယ် ဦးစီးအရာရှိ(မြို့ပြ)ဒေါ်မိုးခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)(၀၉၅)



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးသက်ပုံ ဆွမ်းဦးပုညရှင်စေတီတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ရွှေမုဋ္ဌောစေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မဟာစေတီလှစေတီတော်အား အသစ်တစ်ဖန် ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီနှင့် လေးကျွန်းမာရ်အောင်စေတီတို့အား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ရွှေစေတီဘာသန္တရသင်တန်းကျောင်း၊ မဟာဇေတဝန်ကျောင်းတိုက်၊ ရှင်ပင်နန်းဦးကျောင်းတိုက်၊ လေးကျွန်းမြေအုဋ္ဌကျောင်း ပရိယတ္တိစာသင်တိုက်၊ ပေါင်းလည်ဘုရားနှင့် မဟာစည်းခုံကြီးစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်လုံးပတ်ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စေတီတော်ပုရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပါရမီရပ်ကွက်အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)နှင့် ပိုးတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လည်းကောင်း၊ ဂန္ဓာကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ အပျက်အစီးများအား တပ်မတော်သားများနှင့် အဖွဲ့အစည်းအသီးသီးမှ အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်နှင့် ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီရပ်ကွက်များသို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ ဖြိုဖျက်ရန်ကျန်ရှိသော အဆောက်အအုံများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တွင် ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ခြင်းအတွက် GWI မှ အကာအကွယ်လျော်ကြေးငွေပေးအပ်




**မန္တလေး ဇူလိုင် ၂**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံအတွက် ဂလိုဘယ်ဝေါလ် အာမခံကုမ္ပဏီ (GWI)မှ သဘာဝဘေးအန္တရာယ် အကာအကွယ်လျော်ကြေးငွေပေးအပ်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၁၁၀လမ်းနှင့် ၇၃လမ်းထောင့်ရှိ အဆိုပါ အဆောက်အအုံတွင် ကျင်းပသည်။

လျော်ကြေးငွေပေးအပ်ခြင်းအတွက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ(GWI)မှ တာဝန်ရှိသူတစ်ဦးက အာမခံလုပ်ငန်းသည် လူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့ပါက ပြန်လည်ထူထောင်ဖို့ ငွေရေးကြေးရေး အထောက်အပံ့ပေးသော လုပ်ငန်းမျိုးဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး GWI မှ တာဝန်ရှိသူများက အကာအကွယ်လျော်ကြေးငွေကျပ်သိန်း ၁၀၀၀ ပေးအပ်ရာ အာမခံထားရှိသည့် CAD CONSTRUCTION AND DECORATION ကုမ္ပဏီမှ CHAIRMAN ဒေါက်တာခင်မောင်ဆွေက လက်ခံရယူပြီး ယခုလို အာမခံလျော်ကြေးငွေအား မြန်ဆန်တိကျစွာ ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အာမခံလျော်ကြေးအား မြန်ဆန်စွာ ပေးအပ်ခြင်းအတွက် ဦးရာဇာဟိန်း (INSURANCE AGENT) က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဓါပုံ) (၀၇၀)



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**မိုင်းယန်း ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် ရောဂါကူးစက်ပြန့်ပွားမှု ကြိုတင်တားဆီးကာကွယ်နိုင်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ဝိန်းလိတ်ရပ်ကွက်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့သည်။ (အပေါ်ပုံ)

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးထင်ကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းများကို ဆောင်ရွက်ပေးသွားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# စာအုပ်ခင်းကျင်း

## ဖော်ညွှန်းသီ

စာအုပ်အမည် - ခေတ်သစ်တစ်ခု၏အစ အဓိပ္ပာယ်များ၏အဆုံး
စာရေးသူ - မင်းခိုက်စိုးစန်
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၂၅ ၊ ဇူလိုင်လ (တတိယအကြိမ်)
စာမျက်နှာ - ၂၇၈ မျက်နှာ

ဆရာ မင်းခိုက်စိုးစန်၏ 'ခေတ်သစ်တစ်ခု၏အစအဓိပ္ပာယ်များ၏အဆုံး' စာအုပ်သည် ၂၀၀၉ ခုနှစ် စိတ်ကူးချိုချို၏ ဒုတိယအကြိမ် ထုတ်မှုအတိုင်း ထွက်ရှိလာခြင်းဖြစ်သည်။

စာရေးသူ၏ခေတ်သမိုင်း၊ ယဉ်ကျေးမှု၊ ပညာရေး၊ ဝါဒ တရားများ၊ ဝိရောဓိဖြစ်ခြင်းနှင့် စာပေအတွေးအမြင် စုစည်းမှု စာအုပ်ဖြစ်သည်။ ၂၁ ရာစုအဝင် ကာလရာစုသစ်၌ လူသားများ ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့် ကျော်လွှားဖြတ်သန်းနိုင်ရန် ပြင်ဆင်ထားရမည့် အခြေအနေများကို ဖြန့်ကြက်ရေးသားထားသည်။

စာအုပ်အရွယ်အစားငယ်သော်လည်း လေးနက်ခိုင်မာသော အကြောင်း ပညာရပ်များဖြစ်၍ ဆင်ခြင်ဖတ်ရှုရမည့်စာအုပ်ဖြစ်ပြီး ယနေ့ကမ္ဘာကြီးသည် အပြောင်းအလဲများ၊ အဖြစ်အပျက်များ အလွန်မြန်ဆန်သော ခေတ်ဖြစ်လေရာ အနာဂတ်ကို မျှော်တွေးရေးသားသော စာရေးသူ၏ တင်ကြိုခန့်မှန်းချက်များတွင်ပင် (AI) အေအိုင်နည်းပညာဖွံ့ဖြိုးတိုးတက်မှု မပါဝင်သေးချေ။ သို့ရာတွင် စာအုပ်ပါရေးသားချက်များသည် ပင် စာဖတ်သူအဖို့ မျက်လုံးကျယ်ကျယ်ထားကာ ဖတ်ရှုရမည့်စာများ ဖြစ်သည်။



စာရေးသူသည် ဤစာအုပ်ရေးရာ၌ အခန်းများခွဲကာ ရေးသားခြင်းမဟုတ်ဘဲ ဆိုလိုရင်းပေါ်လွင်အောင် တစိုက်မတ်မတ် ဦးတည်ရေးထားကြောင်း တွေ့ရှိရပြီး 'သမိုင်း'ဆိုသည့် ဝေါဟာရကို အနက်ဖွင့်ရာတွင် 'အခြေအနေတစ်ရပ်အတွက် နှိုင်းယှဉ်သုံးသပ်စရာ သင်ခန်းစာတွေ၊ တန်ဖိုးတွေ ဘာမှမရှိရင်တော့ သမိုင်းဆိုတာ မရှိပါဘူး'ဟု စိတ်ဝင်စားဖွယ်ရေးသားသည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး) စာအုပ် အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

စာအုပ်အမည် - ငါးများလို့ကောင်းတဲ့ရာသီ
စာရေးသူ - မင်းထက်မောင်
ထုတ်ဝေသည့်စာပေတိုက် - ဇူဝံစာပေ
တန်ဖိုး - ၂၀၀၀ ကျပ်
ထုတ်ဝေသည့်ကာလ - ၂၀၁၈ ၊ မတ်လ
မျက်နှာဖုံးပန်းချီ - စိုးဝင်းငြိမ်း
စာမျက်နှာ - ၂၇၄ မျက်နှာ

ဆရာမင်းထက်မောင်၏ 'ငါးများလို့ကောင်းတဲ့ရာသီ' စာအုပ်သည် စာရေးသူ ၂၀၁၅ ခုနှစ်က ရေးဖွဲ့ခဲ့သည့် ခြောက်



ကြောင်း ကဗျာတိုများကို စုစည်းထားခြင်းဖြစ်ပြီး ယခုစာအုပ်၏ အစောပိုင်းကာလ ၂၀၁၆ ခုနှစ်တွင် 'ဒီလိုညနေခင်းမျိုးမှာ ငါစဉ်းစားနေမိတာ'ဟု အမည်ပေးထားသည့် ကဗျာစာအုပ် စိတ်ကူးချိုချိုစာပေမှ ထွက်ရှိခဲ့ဖူးသည်။

စာအုပ်အရွယ်အစားမှာ ပုံမှန်ထုတ်ဝေနေကျဆိုဒ်မဟုတ်ဘဲ လေးထောင့်စတုရန်းပုံသဏ္ဌာန်ဖြစ်ပြီး ကဗျာပုဒ်ရေ ၂၅၈ ပုဒ် စုစည်းထားသည်။ ကဗျာရေးသူကိုယ်တိုင်ရေးသည့် 'ကဗျာတိုအတွက် အမှာတို'နှင့်အတူ ပေါ့ပေါ့ပါးပါး ဖတ်ရှုခံစားရမည့်ကဗျာများဖြစ်ပြီး ကဗျာ၏အောက်ခြေတွင် ရေးဖွဲ့ပြီးသည့်ရက်စွဲများ ပါရှိသဖြင့် ဒိုင်ယာရီကဗျာများဟု ဆို၍ရသည်။

ပန်းချီနဲ့ကဗျာ
* ငါ့သူငယ်ချင်း(SWN)တစ်ယောက်
ရောက်လေရာမှာ အောက်ဒိုးထွက် စကက်ချ် ကောက်သလို
ငါလည်း ငါ့နည်းနဲ့ငါ စကက်ချ်ကောက်ခဲ့။
* သူစကက်ချ်ကောက်တာက လိုင်းတွေနဲ့ အရောင်တွေနဲ့
ငါစကက်ချ်ကောက်တာက စကားလုံးတွေနဲ့ အသံတွေနဲ့
ပန်းချီနဲ့ ကဗျာ တူညီမှာတဲ့လား။ ။

(၂၂-၃-၂၀၁၅)

စာမျက်နှာ ၉၄ မှ-

ကဗျာများမှာ ခေတ်ပေါ်ကဗျာ ကာရန်မဲ့ရေးဖွဲ့နည်းဖြင့် ရေးဖွဲ့ထားသည့် စကားပြေဆန်သော ကဗျာများကို ဖတ်ရှုရမည့် ကဗျာစာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## လမြတ်ဝါဆို

* ဝါတွင်းကာလ
တရားပြု
စိတ်ကောင်းရပါစေ။
* ရုပ် နာမ် မျက်ရှု
တရားစု
ကျင့်မှု သိသာစေ။
သတိပဋ္ဌာန် အသိဉာဏ်
တိုးတက်မြန်ပါစေ
ကိုယ်စိတ်ဖြိုးလက်
အမျိုးအတွက်
ဂုဏ်ထက်မြင့်ပါစေ။ ။

**ဟာမိုနီ**



## စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ Book Club အသင်း စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာသော အသိပညာဗဟုသုတများကို စာဖတ်သူအချင်းချင်း အပြန်အလှန်ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် Book Club အဖွဲ့ဝင်များက စာရေးဆရာမ မြမြဆွေ(စိတ်ပညာ)ရေးသားထားသော 'နွေးနွေးထွေးထွေး စိတ်တံခါးဖွင့်ပေးမယ်'စာအုပ်တွင် ပါရှိသည့်အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင်ဦးချစ်ထွေးက ' စိတ်ထပ်ဆွေးနွေးမှု၊ ရင်ဖွင့်ဆွေးနွေးစိတ်အားဆေးပေးမယ် ' ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် စာပေချစ်သူများကလည်း ဆွေးနွေးမှုများအပေါ် သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကသာ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက 'အာဇာနည်အဓိပ္ပာယ်နှင့် အာဇာနည်ကြီးများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက 'သဘာဝဘေးအန္တရာယ်ဆိုင်ရာ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က 'ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ' အကြောင်းအရာများကိုလည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းကိုဦးက 'အမှိုက်အမျိုးအစားများ ခွဲခြားစွန့်ပစ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အသီးသီးဟောပြောခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် ကသာမြို့နယ်တွင် လူငယ်လူရွယ်များအနေဖြင့် အသိပညာပေးဟောပြောပွဲများမှ ရရှိသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးရှိစွာ ကြံဆအသုံးပြုတတ်စေရန်လိုအပ်ကြောင်း၊ ယခုလို အသိပညာပေး ဟောပြောပွဲများကိုလည်း ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဂါဇာကမ်းမြောင်ဒေသ၌ ရက် ၆၀ အပစ်အခတ်ရပ်စဲရေးကို အပြီးသတ်ရန် အစ္စရေးက သဘောတူညီလိုက်ပြီဟု သမ္မတ ဒေါ်နယ်လ်ထရမ့်က ပြောကြား

**ဝါရှင်တန် ဇူလိုင် ၂**

ဂါဇာကမ်းမြောင်ဒေသ၌ ရက် ၆၀ အပစ်အခတ်ရပ်စဲရေးကို အပြီးသတ်ရန်အတွက် လိုအပ်သော အခြေအနေများကို အစ္စရေးက သဘောတူညီလိုက်ပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်က ဇူလိုင် ၁ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

အဆိုပြုထားသည့် သဘောတူညီချက်ကာလအတွင်း "ကျွန်ုပ်တို့သည် ပဋိပက္ခကို အဆုံးသတ်ရန် ပါတီအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်" ဟု အခြေအနေများကို အသေးစိတ်ဖော်ပြခြင်း မရှိဘဲ သမ္မတထရမ့်က ထရုသ် ဆိုရှယ် လူမှုကွန်ရက်တွင် ပို့စ်လွှင့်တင်ပြီး အသိပေးခဲ့သည်။

ငြိမ်းချမ်းရေးရရှိရန် ကြားဝင်စေ့စပ်ပေးခဲ့သည့် ကာတာနှင့် အီဂျစ်နှစ်နိုင်ငံက နောက်ဆုံးအဆိုပြုချက်ကို ပေးအပ်မည်။ ဟားမတ်စ်တို့ဘက်က ဤသဘောတူညီချက်ကို လက်ခံလိမ့်မည်ဟု မိမိမျှော်လင့်ကြောင်း ထရမ့်က ရေးသားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်က အစ္စရေးကို တိုက်ခိုက်ခဲ့ရာ လူပေါင်း ၁၂၀၀ ခန့် သေဆုံးခဲ့ပြီးနောက် အစ္စရေးက ဂါဇာတွင် စစ်ရေးလှုပ်ရှားမှု စတင်ခဲ့သည်။ ထိုအချိန်မှစ၍ ဂါဇာတွင် အနည်းဆုံး ၅၆၆၄၇ ဦး သေဆုံးခဲ့ပြီဟု ယင်းနယ်မြေ၏ ဟားမတ်စ် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုထားကြောင်း သိရသည်။

**Mon**

0-0-0-0-0

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဝန်ကြီးချုပ် ပေတုန်တန် ရှီနာဝါထရာကို ရာထူးမှဆိုင်းငံ့ရန် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ၇ မဲ၊ ၂ မဲဖြင့် ဆုံးဖြတ်



**ဘန်ကောက် ဇွန် ၂**

ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဝန်ကြီးချုပ် ပေတုန်တန် ရှီနာဝါထရာကို ယမန်နေ့က ရာထူးမှ ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

၎င်းနှင့် ကမ္ဘောဒီးယားခေါင်းဆောင်ဟောင်း ဟွန်ဆန်လျှို့ဝှက်ဖုန်းပြောဆိုမှု ပေါက်ကြားခဲ့ခြင်းကြောင့် ရာထူးမှ နုတ်ထွက်ရန် ဖိအားများ တိုးလာနေချိန်တွင် ယင်းကဲ့သို့ ရာထူးဆိုင်းငံ့ခံရခြင်းဖြစ်သည်။

ပေတုန်တန်က ဟွန်ဆန်ကို "ဦးလေး" ဟု ခေါ်ဆိုခဲ့သည်ဆိုသော အသံဖိုင်ကို အကြောင်းပြု၍ ထိုင်းပြည်သူလူထုမခံမရပ်နိုင်ဖြစ်ကာ ၎င်းကို ရာထူးမှ ထုတ်ပယ်ရန် အသနားခံစာ တင်သွင်းခဲ့သဖြင့် ထိုအသနားခံစာကို ခုံရုံးက ယခုစဉ်းစားလျက်ရှိသည်။

အကယ်၍ ရာထူးမှ ထုတ်ပယ်ခံရပါက ပေတုန်တန်သည် လွန်ခဲ့သော နှစ် ၂၀ အတွင်း ထိုင်းနိုင်ငံရေးကို လွှမ်းမိုးထားခဲ့သည့် အင်အားကြီး ရှီနာဝါထရာမျိုးနွယ်စုမှ ၎င်းတို့၏ သက်တမ်းမကုန်မီ အာဏာဆုံးရှုံးခဲ့သည့် တတိယမြောက် နိုင်ငံရေးသမား ဖြစ်လာနိုင်သည်။

၎င်းကို ရာထူးမှ ထုတ်ပယ်ရေးကိစ္စနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက စဉ်းစားနေစဉ် ဆိုင်းငံ့ရန် ၇ မဲ ၂ မဲဖြင့် ဆုံးဖြတ်ခဲ့ပြီး ၎င်းအနေဖြင့် ခုခံချေပရန် ၁၅ ရက် အချိန်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# ဥရောပတွင် ရာသီဥတုအပူချိန်တိုးမြင့်ကာ ဆက်လက်ပူပြင်းနေ၊ စပိန်နှင့်အင်္ဂလန်နှစ်နိုင်ငံက ဇွန်လကို အပူဆုံးလဟု မှတ်တမ်းတင်ခဲ့ကြရ



**မက်ဒရစ် ဇူလိုင် ၂**

ဥရောပတိုက်တွင် ရာသီဥတုအပူချိန်တိုးမြင့်ကာ ဆက်လက်ပူပြင်းနေချိန်၌ စပိန်နှင့် အင်္ဂလန်နှစ်နိုင်ငံသည် သမိုင်းတစ်လျှောက် ဇွန်လကို အပူဆုံးလဟု မှတ်တမ်းတင်ခဲ့ကြရကြောင်း သိရသည်။

၂၃ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၇၄ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်)ရှိသော ပျမ်းမျှအပူချိန်ဖြင့် အလွန်ပူပြင်းသော ဇွန်လသည် ဇူလိုင်လနှင့် ဩဂုတ်လများ၏ ပုံမှန်ပျမ်းမျှအပူချိန်ကိုပင် ကျော်လွန်ပြီး စံချိန်ချိုးခဲ့သည်ဟု စပိန်မိုးလေဝသဌာနက အတည်ပြုသည်။

အင်္ဂလန်တွင်မူ ဇွန်လ၏ ပျမ်းမျှအပူချိန် ၁၆ ဒသမ ၉ ဒီဂရီစင်တီဂရိတ်သည် ယခင်နှစ်များထက် စံချိန်သစ်တင်ခဲ့သည်ဟု မိုးလေဝသဌာနက အစီရင်ခံတင်ပြသည်။ ဗြိတိန်တစ်နိုင်ငံလုံးအနေဖြင့် ၁၈၈၄ ခုနှစ်တွင် မှတ်တမ်းတင်စကတည်းက ဇွန်လသည် ဒုတိယအပူဆုံးလ ဖြစ်ခဲ့သည်။

ပေါ်တူဂီပြည်မကြီးတွင်လည်း ဇွန်လအတွက် နေ့စဉ်အပူချိန် စံချိန် ၄၆ ဒသမ ၆ ဒီဂရီစင်တီဂရိတ်အထိ ထူးကဲစွာ မြင့်တက်ခဲ့ကြောင်း သိရသည်။

**Mon**

# ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်နေရာများ၏ လေးပုံသုံးပုံနီးပါး ရေအလွန်အကျွံနည်းပါးခြင်း သို့မဟုတ် များပြားခြင်းဖြင့် ခြိမ်းခြောက်ခံနေရ

**ဝါရှင်တန် ဇူလိုင် ၂**

ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်နေရာများ၏ လေးပုံသုံးပုံနီးပါးသည် ရေအလွန်အကျွံနည်းပါးခြင်း သို့မဟုတ် ရေအလွန်အကျွံများပြားခြင်းဖြင့် ခြိမ်းခြောက်ခံနေရသည်ဟု ကုလသမဂ္ဂက အစီရင်ခံတင်ပြကြောင်း ဇူလိုင် ၁ ရက်တွင် စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အပူချိန်မြင့်တက်လာခြင်း၏ အကျိုးဆက်အဖြစ် ဟာရီကိန်းမုန်တိုင်းများ၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းနှင့် အပူလှိုင်းများအပါအဝင် ဆိုးရွားသော ရာသီဥတုဖြစ်ရပ်များသည် မကြာခဏဖြစ်ပေါ်လာပြီး ပြင်းထန်လာကြောင်း သိပ္ပံပညာရှင်များက သတိပေးခဲ့သည်။

ယူနက်စကို အမွေအနှစ်စာရင်းရှိ ကုန်းတွင်းပိုင်းနေရာ ၁၁၇၂ ခုအနက် ၇၃ ရာခိုင်နှုန်းသည် ရေရှားပါးခြင်း၊ မိုးခေါင်ခြင်း၊ မြစ်ရေကြီးခြင်း သို့မဟုတ် ကမ်းရိုးတန်းရေကြီးခြင်းတို့အပါအဝင် အနည်းဆုံး ပြင်းထန်သော ရေဘေးအန္တရာယ်တစ်မျိုးမျိုးကို ရင်ဆိုင်နေရကြောင်း ယူနက်စကိုအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ယင်းရေရှားပါးမှုသည် ပိုမိုပြင်းထန်လာမည်ဟု ခန့်မှန်းရပြီး အထူးသဖြင့် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိက၊ တောင်အာရှဒေသအချို့နှင့် တရုတ်နိုင်ငံမြောက်ပိုင်းတို့ကဲ့သို့ ဒေသများတွင် ၎င်းတို့အပေါ် မှီခိုနေရသော ဂေဟစနစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒေသခံလူမှုအဖွဲ့အစည်းများနှင့် ခရီးသွားလာရေး စီးပွားရေးလုပ်ငန်းများအတွက် ရေရှည်တွင် အန္တရာယ်များ ဖြစ်ပေါ်လာစေနိုင်ကြောင်း သိရသည်။




**Mon**

0-0-0-0-0

# ဩစတြေးလျအရှေ့တောင်ပိုင်းဆစ်ဒနီမြို့တွင် မုန်တိုင်းတိုက်၍ လေကြောင်းခရီးစဉ် ဒါဇင်ပေါင်းများစွာကို ဖျက်သိမ်းခဲ့ရ

**ကင်ဘာရာ ဇူလိုင် ၂**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဆစ်ဒနီမြို့တွင် ပြင်းထန်သော မုန်တိုင်းတစ်ခုသည် ဇူလိုင် ၂ ရက်က ဒုတိယမြောက်နေ့အဖြစ် အပြင်းအထန်တိုက်ခတ်ခဲ့ရာ လေပြင်းဒဏ်ကြောင့် လေကြောင်းခရီးစဉ် ဒါဇင်ပေါင်းများစွာကို ဖျက်သိမ်းခဲ့ရပြီး သစ်ပင်များ ပြိုလဲကာ ထောင်ပေါင်းများစွာသော အိမ်များတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




ဩစတြေးလျနိုင်ငံ၏ အကြီးဆုံး လေကြောင်းလိုင်းများဖြစ်သည့် ကွမ်တပ်စ်လေကြောင်းလိုင်းနှင့် ဗာဂျင်ဩစတြေးလျ လေကြောင်းလိုင်းတို့ ဆစ်ဒနီမြို့သို့ အဝင်အထွက် ပြည်တွင်းလေကြောင်းခရီးစဉ် အနည်းဆုံး ၅၅ ခုကို တစ်ပြိုင်တည်း ဖျက်သိမ်းခဲ့ရသည့်အပြင် အချို့သောနိုင်ငံတကာ လေကြောင်းခရီးစဉ်များလည်း နှောင့်နှေးကြန့်ကြာခဲ့သည်။

ဆစ်ဒနီမြို့၏ ရထားပြေးဆွဲရေးလုပ်ငန်းများလည်း ထိုမုန်တိုင်းကြောင့် ထိခိုက်ခဲ့ရာ အာဏာပိုင်များက ဒေသခံများကို မလိုအပ်သော ခရီးသွားလာမှုများမှ ရှောင်ကြဉ်ကြရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ **Mon**

# ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးမြို့တစ်မြို့ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ အမှိုက်ပုံများကြောင့် ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်လာနိုင်

**မနီလာ ဇူလိုင် ၂**

ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးမြို့များအနက် တစ်မြို့ဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာမြို့တော်ဝန်က စုဆောင်း သိမ်းဆည်းခြင်းမရှိသေးသော အမှိုက်ပုံများကြောင့် ကျန်းမာရေး အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အသစ်ရွေးချယ်တင်မြှောက်ခံရသော မြို့တော်ဝန်ဖရန်စစ္စကို ဒိုမာဂိုဆိုက မြို့တော်အနေဖြင့် အမှိုက်သိမ်းယူသူအသစ်တစ်ဦးကို ရှာမတွေ့မချင်း နေထိုင်သူ လူဦးရေ နှစ်သန်းနီးပါးအား ၎င်းတို့၏ အမှိုက်များကို အပြင်မထုတ်ရန် အကြံပြုထားသည်။

ယခုအပတ်တွင် ရာထူးတာဝန် စတင်ထမ်းဆောင်ခဲ့သော ဒိုမာဂိုဆိုက မနီလာ၏ အမှိုက်သိမ်းကန်ထရိုက်တာ နှစ်ဦးသည် ပေးရန်ရှိသော ဒေါ်လာသန်းပေါင်းများစွာကို မရလျှင် အလုပ်မှ နုတ်ထွက်ရတော့မည့် ကိန်းဆိုက်နေသည်။

ယင်းအမှိုက်ပြဿနာကို ဖြေရှင်းရန် မြို့တော်ကောင်စီအသစ်က မြို့အတွက် ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာဖွယ်ရှိကြောင်း သိရသည်။

**Mon**

# မြန်မာအမျိုးသမီးများဂုဏ်ရည်

မြန်မာစာပေကျမ်းဂန်၊ မြန်မာအဘိဓာန်ဝေါဟာရများထဲတွင် ‘မိန်းမ’ ဟူသော စကားပုံကို ကညာ၊ ကလျာ၊ ကုမ္မာရီ၊ မဒီ၊ လုံမေ၊ လုံမလေး၊ မိန်းကလေး၊ အပျိုမ၊ အပျိုစင်၊ ခင်၊ မေ၊ မဟေသီ၊ ဒေဝီ၊ ဇကရီ၊ ထိပ်ထား၊ အိမ်ရှင်မ၊ အိမ်သူ၊ သက်ထား၊ ဇနီး၊ မယား၊ ဘဝကြင်ဖော်၊ ပါရမီဖြည့်ဖက် ဟူ၍ အမျိုးမျိုး ခေါ်ဝေါ်သုံးနှုန်းကြပါသည်။ ထိုသို့ အသက်အရွယ်၊ အချိန်အခါ၊ နေရာ၊ ဒေသအလိုက် ခေါ်ဝေါ်သုံးနှုန်းထားသော စကားလုံးအားလုံးကို ခြုံငုံ၍ ‘မိန်းမ’ကို အမျိုးသမီးဟူ၍လည်း ရှေးယခင်ကာလကတည်းက ယနေ့အချိန်အခါအထိ ခေါ်ဝေါ်သုံးနှုန်းကြပါသည်။

မြတ်စွာဘုရားလက်ထက်တော်မှစ၍ ရှေးအစဉ်အဆက်၊ ခေတ်အဆက်ဆက် သတ်မှတ်ခဲ့ကြသည့် မြန်မာအမျိုးသမီးများအတွက် လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရမည့် ဝတ္တရားများ၊ ပြုမူနေထိုင်ရမည့် လက္ခဏာများသည် ယနေ့အချိန်အခါအထိ လိုက်နာကျင့်သုံးတည်ရှိနေပါသည်။

ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော မိန်းမကောင်းလက္ခဏာ ငါးပါးရှိပါသည်။

(၁) ဆဝိလက္ခဏာ = အရေအဆင်းကောင်းခြင်း
(၂) မံသလက္ခဏာ = အသားအရေ(ပြည့်ဖြိုး)ကောင်းခြင်း
(၃) အဋ္ဌိလက္ခဏာ = အရိုးအဆစ်(ပြေပြစ်)ကောင်းခြင်း
(၄) ကေသလက္ခဏာ = ဆံပင်ကောင်းခြင်း
(၅) ဝယလက္ခဏာ = အရွယ်တင်ခြင်းတို့ ဖြစ်ပါသည်။

‘မိန်းမတို့ဘုန်း၊ ဆံထုံး’ဟူသော ဆိုရိုးစကားသည် ဆံပင်၏ ကောင်းခြင်းလက္ခဏာ၊ မည်း၊ နက်၊ ရှည်လျား၊ ဆံပုံကောင်းပြီး အဖျားကော့နေခြင်းသည် မိန်းမတို့၏ ဘုန်းတန်ခိုးရှိခြင်းဖြစ်၏။

အမျိုးသမီးတို့၏ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်လက္ခဏာတို့ကို စတုဓမ္မသာရပျို့တွင် မြင့်၊ နိမ့်၊ မည်း၊ ဖြူ ကြုံသူမထင် စင်စစ်အပြစ်ကြာဝယ်ဖြစ်သို့ ဟူ၍ ဖွဲ့ဆိုထား၏။ အမျိုးသမီးတို့၏ ရုပ်ပိုင်းဆိုင်ရာအပြစ်ခြောက်မျိုးမှာ-

(၁) အရပ်မြင့်လွန်းခြင်း
(၂) အရပ်နိမ့်လွန်းခြင်း
(၃) အသားမည်းလွန်းခြင်း
(၄) အသားဖြူလွန်းခြင်း
(၅) ပိန်လွန်းခြင်း
(၆) ဝ လွန်းခြင်း တို့ကို သတ်မှတ်ထား၏။

မိန်းမတို့သည် ယောကျ်ားများအပေါ်တွင် လွှမ်းမိုးနိုင်သော ‘အားများ’အဖြစ် သံယုက်ပါဠိတော်တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

(၁) ရူပဗလ = အဆင်းအား(ရုပ်ရည်ချောမောပြေပြစ်ခြင်း)
(၂) ဘောဂဗလ = ဥစ္စာစည်းစိမ်အား(ပစ္စည်းဥစ္စာပြည့်စုံခြင်း)
(၃) ဉာတိဗလ = ဆွေမျိုးအား(ဆွေကြီးမျိုးကြီး၊ ဆွေမျိုးအင်အားတောင့်တင်းခြင်း)
(၄) ပုတ္တဗလ = သား၊ သမီးအား(သား၊ သမီးမွေးဖွားနိုင်ခြင်း)
(၅) သီလဗလ = အကျင့်အား(အကျင့်သီလကောင်းမွန်ခြင်း) တို့ ဖြစ်ကြပါသည်။

‘မိန်းမကောင်းပန်းပန် တစ်ပွင့်တန်’ဟူသော ဆိုရိုးစကားသည် ဣန္ဒြေသိက္ခာရှိပြီး ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော အမျိုးသမီးများသည် ဆံကေသာတစ်ပတ်လျှိုဆံထုံးမှာ ပန်းတစ်ပွင့်ပန်ရုံမျှဖြင့် တင့်တယ်လှပကျက်သရေ ရှိလှပါသည်။ မြန်မာအမျိုးသမီးပီသစွာ ဝတ်စားဆင်ယင်မှုမှာ ရင်ဖုံးအင်္ကျီလက်ရှည်နှင့် ချိတ်ထဘီကို ဝတ်ဆင်ခြင်းသည် အမျိုးသားရေးဝတ်စုံဖြစ်သဖြင့် ဂုဏ်ယူဝင့်ကြွားစရာကောင်းလှပါသည်။

မိန်းမတို့၏ ‘မာန်’လေးမျိုးလည်း ရှိပါသည်။

(၁) ဇာတိ(ကုလ)မာန် = အမျိုးမာန်တက်ခြင်း
(၂) ဝယမာန် = အရွယ်မာန်တက်ခြင်း
(၃) ဓန(ဘောဂ)မာန် = ဥစ္စာမာန်တက်ခြင်း
(၄) ရူပမာန် = ရုပ်ရည်အဆင်းမာန်တက်ခြင်း
တို့ ဖြစ်ကြပါသည်။

မြတ်စွာဘုရားသည် သင်္ဂါလသတို့သားကို အကြောင်းပြု၍ လောက၌ လူတို့ကျင့်ရသော ကျင့်ဝတ်များကို ဟောကြားတော်မူခဲ့လေသည်။ ထိုကျင့်ဝတ်များထဲမှ အိမ်သူမိန်းမများ၏ ကျင့်ဝတ် ငါးပါးလည်း ရှိပါသည်။

(၁) အိမ်တွင်းမှုလုပ်
(၂) သိမ်းထုတ်သေချာ
(၃) မိတ္တာကြည်ရှောင်
(၄) လျော်အောင်ဖြန့်ချိ
(၅) ပျင်းရိမမူ
ဝတ်ငါးဆူ အိမ်သူကျင့်အပ်စွာ ဟူ၍ ဖြစ်ပါသည်။

‘အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည့်အမျိုး’ မြန်မာအမျိုးသမီးများ အိမ်ရာထူထောင်ရာတွင် စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် နှိုင်းနှိုင်းဆဆ လေ့လာသုံးသပ်ဆုံးဖြတ်ကြရန် လူကြီးသူမများက ဆုံးမစကားများ ပြောကြားခဲ့ကြပါသည်။ အကယ်၍များ အိမ်ထောင်ရေး ကံမကောင်းလျှင် ‘လင်ဆိုးမယား တဖားဖား’ဆိုစကားပမာ လင်ဆိုးလျှင် မယားသည် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့် ပူပင်သောက များတတ်ကြပါသည်။ နောင်မှ နောင်တရကာ ပြုပြင်၍ မရတော့ပါ။

အိမ်ထောင်ရှင်အမျိုးသမီးများ လိုက်နာစောင့်ထိန်းရမည့် ဝတ္တရားများကို ‘မာဃဒေဝ’တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

(၁) အိပ်ရာနေရာကို ကောင်းစွာ သုတ်သင်ခြင်း
(၂) ယောကျ်ားတစ်ပါးသို့ စိတ်နှလုံးမကူးခြင်း
(၃) လင်ရှာ၍ရသော ဥစ္စာကို ကောင်းမွန်စွာ သိုမှီး၍ လုံ့လကြီးစွာ ပြုခြင်း
(၄) လင်အိပ်ရာမှ မထမီ မိမိက ရှေးဦးစွာ ထခြင်း
(၅) လင်အိပ်ပြီးသည့်နောက်မှ အိပ်ခြင်း
(၆) အလုပ်အကိုင်အကြံအစည်တို့၌ လင်၏ အစီရင်ခံခြင်း
(၇) အာဏာကို မဆန့်မှု၍ လင့်အလိုကို လိုက်ခြင်း
(၈) ချစ်သနားဖွယ်သောစကားကို နူးညံ့စွာ ပြောဆိုခြင်း
(၉) အပူအချမ်းကို သိတတ်ခြင်း တို့ဖြစ်သည်။

ဓမ္မပဒတွင် ပါရှိသော ဝိသာခါဝတ္ထုတွင်လည်း ဘုရားရှင်လက်ထက်က ဝိသာခါကျောင်းအမကြီးကို သူ့အဖေက ပဲ့ပြင်ဆုံးမပါသည်။ ယောက္ခမအိမ်မှာ လိုက်နေစဉ်အခါ ချွေးမကောင်းတစ်ယောက်ဖြစ်ဖို့ ပဲ့ပြင်ဆုံးမသည့်စကားဆယ်ခွန်းရှိပါသည်။

(၁) အတွင်းမီးကို အပြင်သို့ မယူအပ်။
(၂) အပြင်မီးကို အတွင်းသို့ မသွင်းအပ်။
(၃) ပေးကမ်းသင့်သူကိုသာ ပေးကမ်းအပ်၏။
(၄) မပေးကမ်းသင့်သူကို မပေးကမ်းအပ်။
(၅) ပေးသင့်သည်ဖြစ်စေ၊ မပေးသင့်သည်ဖြစ်စေ ပေးအပ်၏။
(၆) ချမ်းသာစွာ နေထိုင်ရမည်။
(၇) ချမ်းသာစွာ စားသောက်ရမည်။
(၈) ချမ်းသာစွာ အိပ်ရမည်။
(၉) မီးကို လုပ်ကျွေးအပ်၏။
(၁၀) အိမ်ဦးနတ်ကို ကိုးကွယ်အပ်၏ တို့ဖြစ်ပါသည်။

မြန်မာ့ရာဇဝင်တွေထဲမှာ အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊သမ္ဗုလ ဟူသော တော်ဝင် နန်းထိုက်သည့် မိန်းမကောင်း၊ မိန်းမမြတ်များ ရှိကြပါသည်။ ထို တော်လေးဝဝင် မယားများဖြစ်ကြသော အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗုလ တော်လေးဆူစံထားရခြင်းမှာ ဉာဏ်ပညာကြီးမားခြင်း၊ သစ္စာရှိခြင်း၊ စိတ်သဘောမနောဖြူစင်ခြင်းများကို ပိုင်ဆိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ‘စာရိတ္တသီလ၊ ပါရိတ္တသီလ’တို့နှင့်လည်း ပြည့်စုံကြသူများ ဖြစ်ကြပါသည်။

ထိုသို့ မိန်းမကောင်း၊ မိန်းမမြတ်များရှိသကဲ့သို့ ချစ်သူကို ကွမ်းတစ်ရာ ရေတစ်မှုတ်နဲ့ အားလျော့ခိုင်းသည့် ‘မအိုစာ’ဆိုသည့် ယုတ်ညံ့သော မိန်းမယုတ်များလည်း ရှိခဲ့ပါသည်။ ‘မိန်းမမာယာ သဲကိုးဖျာ’ဆိုသည့် စကားအဓိပ္ပာယ်မှာ မိန်းမတို့၏ မာယာသည် ဖျာကိုးချပ်စာ သဲပွင့်အရေအတွက်နှင့် ညီမျှသကဲ့သို့ များပြားသည်ဟု သိရှိရပါသည်။ ထိုကဲ့သို့ ရှေးယခင်ကတည်းက ‘မိန်းမဖျက် ပြည်ပျက်’ဆိုသည့်စကားအဓိပ္ပာယ်မှာလည်း မိန်းမများ ဖြားယောင်းသွေးထိုးလျှင် အချင်းချင်းမသင့်မမြတ်၊ မသင့်မတင့်ဖြစ်ကြရာမှ တိုင်းပြည်ပျက်သည်အထိ ဖြစ်ရသည်ဟု သမိုင်းအစဉ်အလာရှိခဲ့ပါသည်။

ထိုသို့ ပျို့အလင်္ကာ၊ သုတ်တော်၊ သံယုက်ပါဠိတော်တို့မှ လေ့လာမှတ်သားသိရှိဖွယ်ရာ မယား ခုနစ်ပါးလည်း ရှိပါသည်။

(၁) ဓကေသမာ = ရန်သူနှင့်တူသော မယား
(၂) စောရသမာ = ခိုးသူနှင့်တူသော မယား
(၃) အယျသမာ = အရှင်နှင့်တူသော မယား
(၄) မာတုသမာ = အမိနှင့်တူသော မယား
(၅) ဘဂိနီသမာ = နှမနှင့်တူသော မယား
(၆) သခီသမာ = အဆွေနှင့်တူသော မယား
(၇) ဒါသီမာ = ကျွန်နှင့်တူသော မယားတို့ ဖြစ်ကြသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်ကပင် မြန်မာအမျိုးသမီးများသည် ‘လော်လငါးပါး’ဟူသော လျှပ်ပေါ်လော်လည်ခြင်းငါးပါးကို ရှောင်ရှားခဲ့ကြသည်။

မိန်းမတို့၏ လော်လငါးပါးဆိုသည်မှာ-

(၁) အာဟာရလောလ = အစား၌ လျှပ်ပေါ်လော်လည်ခြင်း
(၂) အလင်္ကာရလောလ = အဝတ်တန်ဆာ၌ လော်လည်ခြင်း
(၃) ပရပုရိသလောလ = ယောကျ်ားတစ်ပါး၌ လော်လည်ခြင်း
(၄) ဓနလောလ = ဥစ္စာကို တပ်မက်၍ လော်လည်ခြင်း
(၅) ပါဒလောလ = အသွားအလာ၌ လော်လည်ခြင်းတို့ ဖြစ်ပါသည်။

‘မိန်းမတို့ ဣန္ဒြေ ရွှေပေး၍မရ’ဟူသော ဆိုရိုးစကားသည် မိန်းမကောင်း၊ မိန်းမမြတ်တို့သည် မိမိတို့၏ ဣန္ဒြေသိက္ခာကို တန်ဖိုးထားကာ အထူးစောင့်ထိန်းကြသည်။ ဟီရိဩတ္တပ္ပတရားတို့ဖြင့် ထိန်းသိမ်းကာကွယ်ကြသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

အင်းဝနေပြည်တော်တွင် မိုးညှင်းမင်းတရား နန်းစံနေစဉ် ခရစ်နှစ် ၁၄၃၅ ခုနှစ်က အီတလီပြည် ဗင်းနစ်မြို့မှ ‘နီကိုလိုဒီကွန်တီ’သည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ဖူး၏။ သူသည် မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေ့လာမှတ်သားရာတွင် တအံ့တသြ ရင်သပ်ရှုမောမှတ်တမ်းတင်ခံရသောအကြောင်းအရာမှာ မြန်မာတို့၏ တစ်လင်တစ်မယားစနစ်ပင် ဖြစ်သည်ဟူ၍ မှတ်တမ်းတင်ခဲ့၏။

တစ်လင်တစ်မယားဟူသည်မှာ မိန်းမတစ်ယောက်၏ တစ်သက်တာတွင် လင်တစ်ယောက်သာယူခြင်း၊ ယောကျ်ားတစ်ယောက်၏ တစ်သက်တာတွင် မယားတစ်ယောက်သာယူခြင်းဖြစ်၏။ ရှေးယခင်က မြန်မာအမျိုးသမီးများသည် မြန်မာ့လူမှုပတ်ဝန်းကျင်တွင် လင်တစ်ယောက်မှ ဒုတိယလင်တစ်ယောက်ကို ပြောင်းရန် မဆိုထားနဲ့ ရည်းစားတစ်ယောက်မှ နှစ်ယောက်ပြောင်းခြင်းကို သိက္ခာမဲ့သည်၊ အရှက်မဲ့သည်ဟု ယူဆကြ၏။ မြန်မာမိန်းမပျိုတစ်ယောက်နှင့် ယောကျ်ားပျိုတစ်ယောက်တို့အချင်းချင်းချစ်ခင်နှစ်သက်ကြလည်း သုံးနှစ်သုံးမိုးကြာမှသာ လက်ထပ်ပေါင်းသင်းသည့်အဆင့်သို့ ရောက်ကြ၏။ ထိုသို့သုံးနှစ်သုံးမိုးစေ့စေ့စပ်စပ်လေ့လာအကဲဖြတ်ပြီး ကျေနပ်စိတ်ချမှ လက်ထပ်ပေါင်းသင်းခဲ့ကြသော်လည်း ကိုယ်ကျင့်တရားပျက်ပြားပြီး စာရိတ္တမကောင်းသော ဖောက်ပြန်သူများလည်း ရှိတတ်ပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့ထူးတွေ အထပ်ထပ်ရသည့် ပညာတတ်သူဖြစ်စေ၊ ဥစ္စာစည်းစိမ်ချမ်းသာ ဘယ်လောက်ပင် ကြွယ်ဝသူဖြစ်စေ ထိုမိန်းမ ဖောက်ပြန်ပါက တစ်ဆွေလုံးတစ်မျိုးလုံးက ‘အမျိုးဂုဏ်ဖျက်သူ၊ အမျိုးဖျက်မ’အဖြစ် ဆက်ဆံမှုမပြုဘဲ ‘ကြဉ်’ထားကြပါသည်။

မြန်မာနိုင်ငံတွင် မော်ကွန်းတင်ထိုက်သော စွမ်းဆောင်ရည်များနှင့် ပြည့်စုံသည့် မြန်မာအမျိုးသမီးများသည် မိမိ၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တစွမ်းရည်များကို အမျိုးသားများနှင့် ယှဉ်တွဲပြသနိုင်ခဲ့၏။

ပုဂံခေတ်တွင် ထင်ရှားကျော်ကြားခဲ့သော မိဖုရားဖွားစောသည် မင်းလေးဆက်တိုင်တိုင် ပုဂံအင်ပါယာကြီးကို မယိမ်းမယိုင် မလဲပြိုအောင် အမြော်အမြင်ကြီးမားစွာဖြင့် ကြပ်မတ်ထိန်းသိမ်းနိုင်ခဲ့၏။

ပုဂံခေတ်မှသည် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင်လည်း စွမ်းဆောင်ရည်မြင့်မားသော မြန်မာအမျိုးသမီးများစွာ ပေါ်ထွန်းခဲ့၏။

ကိုလိုနီခေတ်တွင်လည်း မြန်မာအမျိုးသမီးများသည် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့် မိမိတို့၏စွမ်းရည်သတ္တိများကို ပြသနိုင်ခဲ့ကြသည်။ အမ်အေ ဒေါ်အုန်း၊ ဒေါ်မြစိန်၊ သခင်မ ဒေါ်သိန်းတင်၊ သူရဘွဲ့ရ မချစ်ပိုတို့သည် ကိုလိုနီခေတ် အာဇာနည်များ ဖြစ်ပါသည်။

ဒေါ်ဦးဖွန်း(ခေါ်)ဘွားဦးဖွန်းသည် ယခင်က မြန်မာနိုင်ငံတွင် မရှိသေးသော လူအိုရုံ(ယခု ဘိုးဘွားရိပ်သာ)ကို စတင်တည်ထောင်ခဲ့သူ လေးစားဂုဏ်ပြုထိုက်သူဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

မိုးထက်ကို(အမရပူရ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတမ်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျရောက်သော ကရင်နှစ်သစ်ကူး အမျိုးသားနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန် ၃၀ ရက်တွင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ရှိ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးသည့်နောက်ပိုင်း အဆောက်အအုံများ ပြန်လည်ပြုပြင်မှုများ၊ ပညာသင်နှစ်အလိုက် ကျောင်းသားကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှုအခြေအနေများ၊ စာသင်ခန်းများ၊ ဌာနခန်းများ၊ ကွန်ပျူတာခန်းများ စီစဉ်ထားရှိမှုအခြေအနေများကို ဒုတိယပါမောက္ခချုပ်က ရှင်းလင်းတင်ပြမှုအပေါ် သင်ကြားသင်ယူမှုများ စနစ်တကျရှိစေရေး အမှန်တကယ် တတ်မြောက်သည်အထိ သင်ကြားနိုင်ရေး ရေရှည်မျှော်မှန်းချက်ထား ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဌာနရုံးခန်းများ၊ စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ ရေ၊ မီးကိစ္စပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ကျောင်းသား ကျောင်းသူအဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ရှိ အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုများကြောင့် အသစ်ဆောက်လုပ်ထားရှိသော စာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ ကွန်ပျူတာခန်းများ၊ စီမံဌာနခန်းများ ပြင်ဆင်ဆောင်ရွက်ရန်ထားရှိမှုများ၊ ဘောလုံးကွင်းနှင့် ဖူဆယ်ကွင်းများ ပြင်ဆင်ဖြည့်ဆည်းပေးရန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အတူ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)ရှိ စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူနေမှုများ၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံများ ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများသင်ကြားသင်ယူဆောင်ရွက်နေမှု၊ ပင်မစာသင်ဆောင်ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်မှုအခြေနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဝန်ကြီးဌာန တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ သွားရောက်ကာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ ပင်မစာသင်ဆောင် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးနိုင်မှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိရာ ဒုတိယပါမောက္ခချုပ်က ကျောင်းဆိုင်ရာ အချက်အလက်တင်ပြမှုများနှင့် ဗိသုကာဌာနမှူးက တက္ကသိုလ်ပင်မအဝင်လမ်း ဒီဇိုင်းလျာထားပုံစံများ တင်ပြမှုများအပေါ် တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာ လှပစေရေး၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ စနစ်တကျထားရှိနိုင်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ၊ အခြေခံအဆောက်အအုံများ ပြည့်စုံစေရေးမှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများ၊ဌာနမှူး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်ချက် တင်ပြမှုများအပေါ် ဦးစီးဌာန၊ တက္ကသိုလ်များ၏ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

## ယူ-၁၅ လိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် Grand Final ပွဲစဉ်အား ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပသွားမည်

ရန်ကုန် ဇူလိုင် ၂
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် ရည်ရွယ်ကျင်းပသည့် FIFA-MFF U15 Youth League 2024/2025 ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ အဆင့်တွင် အောက်မြန်မာပြည် (ရန်ကုန်ဇုန်)မှ အဆင့်(၁) Royal Yangon FC အသင်းနှင့် အထက်မြန်မာပြည်(မန္တလေး)ဇုန် အဆင့်(၁) STNM FC အသင်း၊ အောက်မြန်မာပြည်(ရန်ကုန်ဇုန်)မှ အဆင့်(၂) Mar Rein FC အသင်း (တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု)နှင့် အထက်မြန်မာပြည်(တောင်ကြီးဇုန်) အဆင့်(၁) Shan Southern FC အသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အဆိုပါပွဲစဉ်များအား ယနေ့မနက်ပိုင်းက ပြိုင်ပွဲဝင်အသင်းများနှင့် မဲနှိုက်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပွဲစဉ်များအားလုံးကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်ကျင်းပသည့် ယူ-၁၅ လိဂ်ပွဲစဉ်များအား အောက်မြန်မာပြည်ဇုန် (ရန်ကုန်)တွင် ပြိုင်ပွဲဝင်အသင်း(၁၂)သင်း၊ အထက်မြန်မာပြည်ဇုန်(မန္တလေး)တွင် ပြိုင်ပွဲဝင်အသင်း(၆)သင်း၊ အထက်မြန်မာပြည်ဇုန်(တောင်ကြီး)တွင် ပြိုင်ပွဲဝင်အသင်း(၆)သင်းတို့ဖြင့် ၂၀၂၄ ဒီဇင်ဘာမှ စတင်ကာ ဇုန်အလိုက် ကျင်းပခဲ့ပြီး ၂၀၂၅ ဇူလိုင်လတွင် အကြိုဗိုလ်လုပွဲများနှင့် Grand Final ဗိုလ်လုပွဲအား ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၅ သို့ ✡

